ကြေးမုံ The Mirror
၁၉၅၇ ဇူလိုင် ၁၀ တွင် စတင်တည်ထောင်သည်။ Established in 1957
၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့၊ (16-10-2014) (၇၉၉၅)

**ဗုဒ္ဓအလိုကျ အဆုံးအမတော်**

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ထွက်ခွာ



**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အီတလီနိုင်ငံ မီလန်မြို့၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ည ၈ နာရီ ၄၅ မိနစ်တွင် ဆက်လက်ထွက်ခွာသည်။


နိုင်ငံတော်သမ္မတအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများက နေပြည်တော်လေဆိပ်၌ လည်းကောင်း **(ဝဲပုံ)**၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်းကောင်း ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အဖြစ် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးရဲထွဋ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

အာရှ-ဥရောပထိပ်သီးအစည်းအဝေးကို အာရှနှင့်ဥရောပဒေသများတွင် နှစ်နှစ်လျှင်တစ်ကြိမ်တစ်လှည့်စီ ကျင်းပသည့် အစဉ်အလာရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၅ ခုနှစ်မှစ၍ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

# မြစ်ချောင်းအင်းအိုင် တာတမံ ဆည်အစွမ်း ဥဿာမြေအလှပန်း

ဘုန်းသော်(ဝေါ)




ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်စဉ်က ယာဉ်ယန္တရားများ စုဖွဲ့ထားမှုကို တွေ့ရစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသည် စပါးသီးနှံ အပါအဝင် သီးနှံစုံအောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်လိုအပ်သည့် ရေဘေးကာကွယ်ရေး တာတမံများ၊ ရေတံခါးများ၊ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများနှင့် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တစ်ချိန်တည်းမှာပင် ဝေါမြို့နယ်ဒေသအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေး စသည့်အရေးအားလုံး တိုးတက်လာစေရန်အတွက် အထူးအရေးပါသည့် တူးမြောင်းများ၊ ရေနုတ်မြောင်းများကိုလည်း ဆက်တိုက်အကောင်အထည်ဖော်ပေးလျက်ရှိပါသည်။ ထိုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်အတွင်းရှိ ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းရှိ ပျဉ်းမနား၊ တောင်ငူ၊ ရွှေကျင်နှင့် မြောက်ပိုင်းရှိ သစ်တောများမှ ထွက်ရှိလာသော ကျွန်းသစ်များကို စစ်တောင်းမြစ်အတိုင်း ရန်ကုန်မြို့သို့သယ်ယူရာတွင် ပဲခူးမြစ်နှင့်စစ်တောင်းမြစ်တို့ကို ဆက်သွယ်ဖောက်လုပ်လျှင် အသင့်လျော်ဆုံးဖြစ်သဖြင့် ပဲခူး-စစ်တောင်းတူးမြောင်းကို ၁၈၇၃ ခုနှစ်တွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳



ကြေးမုံစာတည်းရှုထောင့် ၁၆-၁၀-၂၀၁၄၊ ကြာသပတေးနေ့

# အသိပညာ၊ အတတ်ပညာအခြေခံ

နိုင်ငံတစ်နိုင်ငံ၏ ပညာရေးစနစ်၊ ပညာရေးအယူအဆ၊ ပညာရေးလုပ်ငန်းစဉ်များသည် တိုးတက်လာသော ခေတ်အခြေအနေနှင့်အညီ လိုက်ပါပြောင်းလဲနေမည်ဖြစ်သည်။ မည်သို့ပင်ပြောင်းလဲစေကာမူ ပညာရေးလုပ်ငန်းစဉ်များ၏ အဓိကပဲ့ကိုင်ရှင်များမှာ ဆရာ၊ ဆရာမများဖြစ်ပါသည်။

နိုင်ငံ၏ ပညာအဆင့် မြင့်မားတိုးတက်လာစေရန် ဆရာ၊ ဆရာမများက ပျိုးထောင်ပေးကြရသည်။ ထို့ကြောင့် ဆရာ၊ ဆရာမများကို အနာဂတ်၏ ပဲ့ကိုင်ရှင်များဟု ဆိုချင်ပါသည်။ ထူးချွန်ထက်မြက်သူများ ပေါ်ထွက်လာအောင် ဖန်တီးပေးနေသူများဟုလည်း ဖော်ညွှန်းနိုင်ပါသည်။

ပညာသည် အရာရာတွင် ဦးဆောင်ပါသည်။ ရှေ့သွားခေါင်းဆောင်ဖြစ်ပါသည်။ ပညာသည် လူတစ်ဦး၏ဂုဏ်ရည်ကိုသာမက ဝန်းကျင်လောကနှင့် တိုင်းပြည်အတွက်ပါ အထောက်အကူပြုပါသည်။ ပညာသည်သာ အရာရာတွင် အားထားစရာဟု ဆိုထိုက်ပါသည်။

တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးကဏ္ဍအဆင့်မြင့်ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် တည်မှီပါသည်။ ပညာရေးအဆင့်မြင့်မားသော နိုင်ငံသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်ပြီး ပညာရေးနိမ့်ကျသောနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်နေမည် ဖြစ်သည်။

သို့အတွက် အနာဂတ်၏ဖန်တီးရှင်များသည် ကျောင်းသား၊ ကျောင်းသူများထက် ဆရာ၊ ဆရာမများက အဓိကကျပေသည်။ ထိုဆရာ၊ ဆရာမများမှာ တပည့်ကောင်းများ၏ ဆရာဖြစ်ရန်လိုသည့်အရည်အချင်းများပြည့်စုံနေရန် လိုအပ်ပါသည်။ ထိုသို့အရည်အချင်းပြည့်စုံသော်လည်း တပည့်များအတွက် လုံလောက်သော ဆရာများရှိရန်လည်း လိုအပ်ပေသေးသည်။

ကုလသမဂ္ဂကလေးများဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့၏ အစီရင်ခံစာအရ တစ်ကမ္ဘာလုံးတွင် ဆရာလိုအပ်ချက် ၁ ဒသမ ၄ သန်းခန့်ရှိနေသည်ဟု သိရသည်။ ကမ္ဘာတစ်လွှားတွင် ကလေးငယ် သန်း ၂၅၀ ခန့် အခြေခံအရေး၊ အဖတ်တတ်သည့်အဆင့်ကိုပင် မရကြဟု ဆိုထားသည်။

ထို့ကြောင့် ကုလသမဂ္ဂက ၂၀၁၅ ခုနှစ် ထောင်စုနှစ်ရည်မှန်းချက်တွင် မူလတန်းပညာရေးကို ကလေးငယ်တိုင်း သင်ကြားနိုင်အောင် ရည်မှန်းထားခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အလားတူရည်မှန်းချက်ချမှတ်ပြီး ကလေးငယ်တိုင်း မူလတန်းပညာရေးကို မဖြစ်မနေအခမဲ့သင်ကြားနိုင်အောင် အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ထိုရည်မှန်းချက်ပါအတိုင်း အရည်အသွေးပြည့်မီသော ဆရာ၊ ဆရာမများအား နိုင်ငံတကာအဆင့်မီအောင် ပျိုးထောင်ပေးနေသကဲ့သို့ ဆရာ၊ ဆရာမများကလည်း မိမိသင်ကြားပေးရမည့် ဘာသာရပ်အပေါ်တွင် ကျွမ်းကျင်ပိုင်နိုင်ပြီး စိတ်ရောကိုယ်ပါ အာရုံစိုက်သင်ကြားပေးဖို့ လိုအပ်ပါသည်။ ထိုသို့သင်ကြားပေးနိုင်အောင်လည်း ဆရာ၊ ဆရာမများအဖို့ လူမှုစီးပွားမျှတနေဖို့လည်း လိုအပ်ပါမည်။

ထို့အပြင် စာပေသင်ကြားပေးမှုတာဝန်သာမက ကျောင်းသား၊ ကျောင်းသူများ၏ ရုပ်ပိုင်းဆိုင်ရာ၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများတွင်ပါ စံနမူနာပြ အတုယူလေးစားထိုက်သူများအဖြစ် ပြုမူကျင့်ကြံလုပ်ကိုင်ကြရမည်ဖြစ်သည်။

လက်ရှိတွင် ကျောင်းသားနှင့်ဆရာ မျှတမှုလိုအပ်ချက်ရှိနေသေးသော်လည်း နိုင်ငံအနှံ့တွင် တာဝန်ကျရာအရပ်၌ ကလေးငယ်များအတွက် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများကို အခက်အခဲအမျိုးမျိုးရှိသည့်ကြားက မေတ္တာ၊ စေတနာအပြည့်ဖြင့် ကြိုးပမ်းသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများလည်းရှိနေသေးသည်ဖြစ်ရာ ထိုဆရာ၊ ဆရာမများအား ချီးကျူးဂုဏ်ပြုကြရမည်ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံ၏အနာဂတ်၊ လူငယ်များ၏ အနာဂတ်အတွက် မှန်ကန်သောရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးနေမှုအားလုံးကို မပြည့်စုံသေးသော်လည်း အသိအမှတ်ပြုလက်ခံကာ ပိုမိုတိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟု ယုံကြည်ပါသည်။ ။

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁၅**

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကို ၁၄-၃-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၃)ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အများပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် မြန်မာနိုင်ငံပြန်တမ်းတွင်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန Website (www.moi.gov.mm)တွင်လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Website (www.moi.gov.mm/iprd)တွင်လည်းကောင်း လွှင့်တင်ပေးထားမည်ဖြစ်ပါသည်။

ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ၊ မြန်မာနိုင်ငံဂျာနယ်လစ်ကွန်ရက်စသည့် အဖွဲ့အစည်းများသို့ အဆိုပါနည်းဥပဒေကို ဖြန့်ဝေပေးထားကြောင်း သိရသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း လျှောက်ထားလိုသူများ၊ သက်တမ်းတိုးလျှောက်ထားလိုသူများသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ စတင်ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၅**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၃၄၀၀ | - | ၆၅၄၄၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၃၃၀၀ | - | ၆၅၄၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၉၁. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၂. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၁. ၇၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၄၈၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၂. ၄၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၁၈၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၂၃. ၈၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၈၃၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၆၂. ၆၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၆. ၅၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၁၅

**ယနေ့နံနက် ၉ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးတက်ရောက်ရန် စင်ကာပူနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၅**

UN Women Singapore Committee ၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံ၌ အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် အမျိုးသမီး၊ မူဝါဒ၊ နိုင်ငံရေးနှင့်ပတ်သက်သော ခေါင်းဆောင်မှုဆိုင်ရာ အစည်းအဝေးတက်ရောက်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်နန်းဝါနုနှင့် ဒေါ်နန်းစေအွာတို့သည် ယနေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**





ပြည်တွင်းရေးရာ

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လွှတ်တော်သို့လာရောက်လေ့လာကြသည့် မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနမှ ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများအား လက်ခံတွေ့ဆုံ



**နေပြည်တော်  အောက်တိုဘာ  ၁၅**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့သို့ လာရောက်လေ့လာကြသည့် မန္တလေးတက္ကသိုလ် ဥပဒေပညာဌာန ဘွဲ့လွန်ဒီပလိုမာသင်တန်း Diploma in Business Law နှင့် Diploma in International Law မှ ကျောင်းသား ကျောင်းသူ ၄၀ တို့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်း၊ အတွင်းရေးမှူး ဒေါက်တာမြဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# (၉)ကြိမ်မြောက် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်နှင့် (၁၃)ကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီ ပူးပေါင်းညှိနှိုင်းစည်းဝေး

**ရန်ကုန်  အောက်တိုဘာ  ၁၅**

(၉)ကြိမ်မြောက် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်နှင့် (၁၃) ကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီ ပူးပေါင်းညှိနှိုင်း အစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ်၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသောင်းထိုက်၊ ဒေါက်တာဘရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ကော်မရှင်ဝင် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံ အမျိုးသမီးရေးရာကော်မတီဝင်များ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ပါ အဓိက အခွင့်အရေးလေးရပ်၊ တာဝန်သုံးရပ်နှင့် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းပါ အမျိုးသမီးအခွင့်အရေး (၁၀)ရပ်နှင့် အခြေခံစည်းမျဉ်း(၃)ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ကလေးသူငယ်အားလုံးအတွက် အဓိကအခွင့်အရေးများနှင့် ကလေးသူငယ်များ၏ အကျိုးစီးပွားဖော်ဆောင်ရန်အတွက် ဥပဒေ၊ မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ယခုနှစ် ဖေဖော်ဝါရီလတွင် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း သိရသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားလုပ်ငန်းစဉ်တွင် ကျန်းမာရေးနှင့် အာဟာရ၊ ရေကောင်းရေသန့်ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပညာရေးနှင့် ကလေးသူငယ်ဖွံ့ဖြိုးရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် လူဦးရေ၏ ထက်ဝက်ကျော်ဖြစ်သော အမျိုးသမီးထု တစ်ရပ်လုံးအတွက် အကောင်းဆုံးအကျိုးစီးပွားဖော်ဆောင်နိုင်ရန် မူဝါဒ၊ မဟာဗျူဟာစီမံကိန်းနှင့် ဥပဒေများ ချမှတ်ဖော်ဆောင်လျက်ရှိရာ ကုလသမဂ္ဂကွန်ဗင်းရှင်း ပေကျင်းလုပ်ငန်းစဉ်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များအပေါ်အခြေခံသော အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများနှင့်ပညာရေး၊ လေ့ကျင့်သင်ကြားရေး၊ အမျိုးသမီးများနှင့်ကျန်းမာရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ၊ အမျိုးသမီးများနှင့် စီးပွားရေး၊ အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊အမျိုးသမီးများနှင့် လူ့အခွင့်အရေး၊ အမျိုးသမီးများနှင့် မီဒီယာ၊ အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင် စသည့် နယ်ပယ်များပါဝင်သော အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကို ရေးဆွဲထားရာ အဆိုပါစီမံကိန်းပါ လုပ်ငန်းနယ်ပယ် (၁၂)ရပ်ကို ၂၀၁၃ ခုနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် မေလတွင်ကျင်းပခဲ့သော (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး(ACWC)တွင် အမျိုးသမီးနှင့်ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကြေညာချက်တင်သွင်းနိုင်ခဲ့ရာ ယင်းကြေညာချက်နှင့်အညီအမြန်ဆုံးလက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း အစည်းအဝေးမှ သိရသည်။

အဆိုပါအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၁၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စတုတ္ထအကြိမ်မြောက် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ်ကော်မတီ စည်းဝေး

**နေပြည်တော် အောက်တိုဘာ ၁၅**


စတုတ္ထအကြိမ်မြောက်အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ်ကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ်ကော်မတီသည် အာဆီယံနိုင်ငံများအကြားတွင် စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များနှင့်မူဝါဒများချမှတ်သည့် အမြင့်ဆုံးအဖွဲ့ ဖြစ်ပါကြောင်း၊ ၎င်းကော်မတီကို ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် အာဆီယံစာရင်းအင်းအချက်အလက်များ ပူးပေါင်းဆောင်ရွက်ရေးမူဘောင် ၂၀၁၀-၂၀၁၅ ကို အကောင်အထည်ဖော်ရန်အတွက် ဖွဲ့စည်းခဲ့ပါကြောင်း၊ စာရင်းအင်းအချက်အလက်များ ကောက်ယူ၊ စုစည်း၊ ထုတ်ပြန်ရာတွင် အာဆီယံနိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စာရင်းအင်းအချက်အလက်များကို အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အသုံးပြုလျက်ရှိသည့်အတွက် စာရင်းအင်းအချက်အလက်များ တိုးမြှင့်ထုတ်ပြန်နိုင်ရေးမှာ အရေးကြီးပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ်ကော်မတီ ဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က ၂၀၁၄ ခုနှစ် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ်ကော်မတီ၏ လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြပြီး အာဆီယံနိုင်ငံများမှ စာရင်းအင်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက နိုင်ငံအလိုက်မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

**(သတင်းစဉ်)**






# နီပေါတောင်တန်းဒေသ၌ ဆီးနှင်းခဲပြိုကျ၊ တောင်တက်သမားများအပါအဝင် ၁၂ဦး သေဆုံး

**ခတ္တမန္ဒူ အောက်တိုဘာ ၁၅**

နီပေါနိုင်ငံ၏ တောင်တန်းထူထပ်သော မြောက်ပိုင်းဒေသ၌ ဆီးနှင်းခဲပြိုကျမှုနှင့် နှင်းမုန်တိုင်းတိုက်ခတ်မှုများ ဖြစ်ပွားခဲ့ရာ နိုင်ငံခြားသား ခြေလျင်တောင်တက်သမားများ အပါအဝင် ၁၂ဦး သေဆုံးရကြောင်း တာဝန်ရှိသူများက အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားကြသည်။

ဖူးအမည်ရှိ တောင်တန်းဒေသ၌ ဆီးနှင်းခဲပြိုကျမှုကြောင့် ကနေဒါတောင်တက်သူ လေးဦးနှင့် အိန္ဒိယတောင်တက်သူတစ်ဦးတို့ သေဆုံးခဲ့ရကြောင်း ဖာနန်းခရိုင် အုပ်ချုပ်ရေးမှူး ဒေဗင်ခရာလမ်ဗီချန်းက ပြောကြားသည်။ တောင်တက်သမားငါးဦးသည် ဆီးနှင်းခဲများ အောက်သို့ ကျရောက်သွားခဲ့ရာ ၎င်းတို့၏ အလောင်းများကို တူးဖော်ရှာဖွေနိုင်ရန် ရက်အတန်ကြာမျှ အချိန်ယူရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဖာနန်းခရိုင်မှာပင် ဆီးနှင်းခဲပြိုကျမှုကြောင့် ရွာသူရွာသားသုံးဦး သေဆုံးခဲ့ရသည်။ ၎င်းတို့၏ ရုပ်အလောင်းများကို အောက်တိုဘာ ၁၅ရက်တွင် ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါ ခရိုင်သည် မြို့တော်ခတ္တမန္ဒူ၏ အနောက်မြောက်ဘက် ကီလိုမီတာ ၁၆၀ (မိုင် ၁၀၀) ခန့်အကွာအဝေးတွင် တည်ရှိသည်။

ဖာနန်းခရိုင်အနီးရှိ မူစာတန်းခရိုင်တွင် နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အောက်တိုဘာ ၁၄ ရက်က တောင်တက်သမားလေးဦး သေဆုံးခဲ့ရကြောင်း၊ သေဆုံးသူအစ္စရေးတစ်ဦးနှင့် နီပေါတစ်ဦးတို့၏ ရုပ်အလောင်းများကို သို့ရွှန်လာတောင်ကြားဒေသ၌ ကယ်ဆယ်ရေးအဖွဲ့က ရှာဖွေတွေ့ရှိရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ရိုက်တာ။**



တောင်တက်သမားများကို ကယ်တင်နိုင်ရန် စေလွှတ်လိုက်သည့် ကယ်ဆယ်ရေးအဖွဲ့ဝင်များကို တွေ့ရစဉ်။

# ဂါဇာကမ်းမြောင်ဒေသ ပျက်စီးနေမှု အလွန်ဆိုးရွားလှဟု ဘန်ကီမွန်း ဝေဖန်

**ဂါဇာ အောက်တိုဘာ ၁၅**

အစ္စရေးနိုင်ငံနှင့် ဖြစ်ပွားခဲ့သော စစ်ရေးပဋိပက္ခကြောင့် ဂါဇာဒေသ၌ ပျက်စီးမှုများသည် စကားလုံးဖြင့် သရုပ်ဖော်နိုင်ခြင်း မရှိလောက်အောင်ပင် ဆိုးရွားလှကြောင်း၊ နိုင်ငံတကာ အသိုက်အဝန်းအတွက်လည်း ရှက်စရာကောင်းသည့် ဖြစ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူး ဘန်ကီမွန်းက ဝေဖန်ပြောကြားလိုက်သည်။

ကုလသမဂ္ဂအကြီးအကဲသည် စစ်ကြောင့် ပျက်စီးခဲ့ရသော ဂါဇာကမ်းမြောင်ဒေသသို့ အောက်တိုဘာ ၁၄ ရက်က ရောက်ရှိခဲ့ရာတွင် အထက်ပါအတိုင်း ဝေဖန်ပြောကြားခြင်း ဖြစ်သည်။

ဂါဇာပြန်လည်ထူထောင်ရေး လုပ်ငန်းအတွက် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းအားထုတ်ကြရန် ဘန်က တိုက်တွန်းသည်။ ဂါဇာကမ်းမြောင်ဒေသသို့ ဆောက်လုပ်ရေးပစ္စည်းများကို ထရပ်ကားများဖြင့် ပထမအသုတ်ပေးပို့နိုင်ရေးအတွက် အစ္စရေးနိုင်ငံက ခွင့်ပြုပေးကြောင်း ၎င်းက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသကို စစ်ရေးပဋိပက္ခမစတင်မီကာလကပင် အစ္စရေးနှင့် အီဂျစ်နိုင်ငံတို့က ပိတ်ဆို့ထားခဲ့သည်။

၂၀၀၈-၀၉ ခုနှစ်က ဖြစ်ပွားခဲ့သော စစ်ရေးပဋိပက္ခအပြီး မိမိတွေ့မြင်ခဲ့ရသော အပျက်အစီးမြင်ကွင်းထက် ပိုမိုဆိုးရွားသည့် အပျက်အစီးမြင်ကွင်းကို ယခုတစ်ကြိမ် မိမိတွေ့မြင်ရကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဘန်က ပြောကြားသည်။

**ကြည့်ရှု**

ဂါဇာစီးတီး ရှုဂျာအီယာရပ်ကွက်ရှိ အပျက်အစီးများကို ကုလသမဂ္ဂအကြီးအကဲက ကွင်းဆင်းကြည့်ရှုခဲ့ပြီး အနီးအပါးရှိ ဂျာဘာလီယာ ဒုက္ခသည်စခန်းရှိ စာသင်ကျောင်း တစ်ကျောင်းသို့လည်း သွားရောက်လေ့လာကြည့်ရှုခဲ့သည်။ ယင်းနေရာများသည် စစ်ရေးပဋိပက္ခအတွင်း အစ္စရေးဘက်က ပစ်ခတ်လိုက်သော အမြောက်ကျည်များ ဆိုးဆိုးရွားရွား ကျရောက်ခဲ့သည့် နေရာများတွင် ပါဝင်သည်။ **ရိုက်တာ။**

# စစ်စခန်းများကို အမေရိကန် အသုံးပြုခွင့် တူရကီ ငြင်းဆို

**အင်ကာရာ အောက်တိုဘာ ၁၅**

ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ် စစ်သွေးကြွများအား လေကြောင်းမှ တိုက်ခိုက်နိုင်ရေးအတွက် မိမိ၏ လေတပ်စခန်းများကို အမေရိကန်တပ်ဖွဲ့က အသုံးပြုခွင့်ရရှိသည်ဆိုသော အမေရိကန် တာဝန်ရှိသူများ၏ ထုတ်ပြန်ကြေညာချက်ကို တူရကီနိုင်ငံက ငြင်းဆိုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။ တူရကီနိုင်ငံတောင်ပိုင်းရှိ အင်ကာလစ်လေတပ်စခန်းကို အမေရိကန်တပ်ဖွဲ့က အသုံးပြုခွင့် ရရှိစေမည့် သဘောတူညီချက်သစ် ရရှိခဲ့ခြင်း မရှိကြောင်း တူရကီ အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆီးရီးယားနိုင်ငံအတွင်း လေယာဉ် မပျံသန်းရဇုန် ထူထောင်ရေးကဲ့သို့သော တူရကီနိုင်ငံက ယခင် အဆိုပြုခဲ့သည့် အချက်များနှင့် ပတ်သက်၍ ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နေကြောင်း အမည်မဖော်သူ တူရကီ တာဝန်ရှိသူက ပြောကြားသည်။ **အေအက်ဖ်ပီ။**

# ဟောင်ကောင် ဆန္ဒပြပွဲ၌ အဓိကရုဏ်းဖြစ်ပွား

**ဟောင်ကောင် အောက်တိုဘာ ၁၅**

ဟောင်ကောင်၌ ဒီမိုကရေစီအခွင့်အရေး ပိုမိုရရှိရေး တောင်းဆိုသည့် ဆန္ဒပြပွဲမှာ ရက်သတ္တပတ် နှစ်ပတ်ကျော်ကြာမြင့်ခဲ့ပြီ ဖြစ်ပြီး အောက်တိုဘာ ၁၅ ရက် ညက ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများအကြား အဓိကရုဏ်းဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

မြေအောက် လူကူးစကြ်လမ်းတစ်ခုကို ထိန်းချုပ်နိုင်ရေးအတွက် ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများအကြား အဓိကရုဏ်းဖြစ်ပွားခဲ့သည်။ အဓိကရုဏ်း နှိမ်နင်းရေးရဲတပ်ဖွဲ့ကမြေအောက်လူကူးစကြ်လမ်းအတွင်းမှ ဆန္ဒပြသမားများကို ရှင်းလင်းဖယ်ရှားခဲ့သည်။ အစိုးရဌာနချုပ်ရုံး ပြင်ပရှိ ယင်းစကြ်လမ်းအနီးတစ်ဝိုက်၌ ဆန္ဒပြသူများက ချထားသည့်အတားအဆီးများကိုလည်း ရဲတပ်ဖွဲ့က ရှင်းလင်းဖယ်ရှားခဲ့သည်။

ထိုစဉ်အတွင်း ပေကျင်းအာဏာပိုင်များက ဟောင်ကောင်ဆန္ဒပြပွဲနှင့် ပတ်သက်၍ အပြင်းထန်ဆုံး ပြစ်တင်ရှုတ်ချခဲ့ကြသည်။ ယင်းဆန္ဒပြပွဲသည် ဥပဒေနှင့်ညီညွတ်မှု မရှိသည့်အပြင် ဟောင်ကောင်ပြည်သူများ၏ အကျိုးစီးပွားများနှင့် ဆန့်ကျင်နေပြီး စီးပွားရေး လုပ်ငန်းများကို ထိခိုက်စေနိုင်ကြောင်း ဗဟိုအစိုးရအဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ။**

# မလေးရှားတွင် အိုင်အက်စ်နှင့် ဆက်သွယ်သူ ၁၃ ဦးကို ဖမ်းဆီး



စစ်သွေးကြွများကို ဖမ်းဆီးရန် မလေးရှားရဲတပ်ဖွဲ့ဝင်များ စစ်ဆင်ရေး ဆောင်ရွက်စဉ်။

**ကွာလာလမ်ပူ အောက်တိုဘာ ၁၅**

ဆီးရီးယားနိုင်ငံအတွင်းမှ အစ္စလာမ္မစ်နိုင်ငံ (အိုင်အက်စ်) စစ်သွေးကြွအုပ်စုသို့ ဝင်ရောက်ရန် စီစဉ်လျက်ရှိသည့် အမျိုးသား၊ အမျိုးသမီး ၁၃ ဦးကို မလေးရှား ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

တာဝန်ရှိသူများက အသေးစိတ်အချက်အလက်များကို ထပ်မံထုတ်ဖော်ပြောကြားခြင်း မပြုသော်လည်း သံသယရှိသူများတွင် ကျောင်းသားများနှင့် စက်ရုံအလုပ်သမားများ ပါဝင်သည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

ဧပြီလမှစ၍ အိုင်အက်စ်နှင့် သွားရောက်ပူးပေါင်းရန် ကြိုးစားလျက်ရှိကြသည်ဟု သံသယရှိသူ ၃၆ဦးကို ဖမ်းဆီးထိန်းသိမ်းထားခဲ့ကြောင်း၊ အနည်းဆုံး အခြား ၃၀ ဦးသည် စစ်သွေးကြွအုပ်စုသို့ ဝင်ရောက်သွားနိုင်ခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ယခုနှစ်တွင် အိုင်အက်စ်သည် ဆီးရီးယားနှင့်အီရတ်မှ နယ်မြေအများအပြားကို သိမ်းယူထားခဲ့သည်။

**စီးနင်း**

မလေးရှားရဲတပ်ဖွဲ့သည် အင်္ဂါနေ့တွင် ကွာလာလမ်ပူမြို့အနီး ရှားအလန်ရှိ စားသောက်ဆိုင်တစ်ဆိုင်ကို ဝင်ရောက်စီးနင်း၍ အဆိုပါအုပ်စုကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

မလေးရှား အမျိုးသားရဲတပ်ဖွဲ့ အကြီးအကဲ ခါလစ်အဆူဘာကာက သတင်းစာရှင်းလင်းပွဲတွင် ၎င်းတို့သည် ယင်းကဲ့သို့သော လှုပ်ရှားမှုများကို အမြဲတမ်း စောင့်ကြည့်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**ဘီဘီစီ။**

# ကက်ရှ်မီးယား၌ တင်းမာမှုများ ဖြစ်ပေါ်နေဆဲ စစ်ဘက်တာဝန်ရှိသူများ အရေးပေါ်ဖုန်းလိုင်းဖြင့် ဆွေးနွေး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၅**

ပိုင်နက်နယ်မြေအငြင်းပွားနေသည့် ကက်ရှ်မီးယားဒေသ၌ နယ်စပ်ဖြတ်ကျော်ပစ်ခတ်မှုများ ရက်အတန်ကြာမျှ ဖြစ်ပွားခဲ့ပြီးနောက် တင်းမာမှုများ ဖြစ်ပေါ်နေချိန်အတွင်း ပါကစ္စတန်နှင့် အိန္ဒိယစစ်ဘက်ဆိုင်ရာ အထက်တန်း တာဝန်ရှိသူများသည် အရေးပေါ် တယ်လီဖုန်းလိုင်းမှတစ်ဆင့် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ကက်ရှ်မီးယားနယ်စပ်ဒေသ၌ နှစ်ပေါင်းအတန်ကြာကာလအတွင်း အမြောက်လက်နက်ကြီးများဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ နှစ်ဖက်စလုံးမှ အရပ်သူ အရပ်သား ၂၀ ထက်မနည်းသေဆုံးခဲ့ရပြီး လူထောင်ပေါင်းများစွာ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရသည်။

အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့မှ ပုဂ္ဂိုလ်နှစ်ဦး ငြိမ်းချမ်းရေးနိုဘယ်ဆုကို ပူးတွဲရရှိကြောင်း နိုဘယ်ကော်မတီက ထုတ်ပြန်ကြေညာသည့်ကာလ မရှေးမနှောင်းမှာပင် ကက်ရှ်မီးယားဒေသ၌ တင်းမာမှု ဖြစ်ပွားနေခြင်းဖြစ်သည်။ လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်မှစ၍ နယ်စပ်ဖြတ်ကျော် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ **ပီတီအိုင်။**



အိန္ဒိယနှင့် ပါကစ္စတန်နယ်စပ် ကက်ရှ်မီးယားဒေသရှိ ထိန်းချုပ်ရေးမျဉ်း တစ်နေရာကို တွေ့ရစဉ်။

# အေဆမ်ထိပ်သီးအစည်းအဝေး

မေနှင်းအေး

အေဆမ် (ASEM) လို့ အတိုကောက်ခေါ်တဲ့ အာရှ-ဥရောပ ဆွေးနွေးပွဲ ဒေသဆိုင်ရာ အစည်းအဝေးဟာ ကမ္ဘာပေါ်မှာ အရေးပါတဲ့ ဥရောပဒေသနဲ့ အာရှဒေသကို ပေါင်းကူးပေးထားတဲ့ အာရှ-ဥရောပတွေ့ဆုံခြင်း (ASEM-Asia Europe Meeting) ပါ။ ဥရောပဒေသက နိုင်ငံပေါင်း ၃၀၊ အာရှဒေသက ၁၉ နိုင်ငံနဲ့ ဥရောပသမဂ္ဂ၊ အာဆီယံတို့လည်း အဖွဲ့ဝင်အဖြစ် ပါဝင်လို့ ဆွေးနွေးပွဲ တက်ရောက်တဲ့ စုစုပေါင်းအဖွဲ့ဝင် ၅၁ ဖွဲ့ ပါဝင်ပါတယ်။ အတွင်းရေးမှူးရုံးမထားဘဲ ညှိနှိုင်းရေးအဖွဲ့ကို အာရှဘက်က အာဆီယံနဲ့ ကိုယ်စားလှယ် တစ်နိုင်ငံ၊ ဥရောပဘက်က ဥရောပသမဂ္ဂနဲ့ ကိုယ်စားလှယ်တစ်နိုင်ငံ စုစုပေါင်း ၄ ဖွဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြပါတယ်။ အာဆီယံနဲ့ ဥရောပသမဂ္ဂက အမြဲပါဝင်ပြီး ကျန်ကိုယ်စားလှယ်အဖွဲ့ နှစ်နိုင်ငံကတော့ အလှည့်ကျ ဆောင်ရွက်ကြတာဖြစ်ပါတယ်။

အေဆမ်စတင်ပေါ်ပေါက်လာတာကတော့ ၁၉၉၀ ပြည့်လွန်နှစ်များမှာ ပြောင်းလဲလာတဲ့ အခြေအနေတွေအရ ဥရောပနဲ့အာရှဒေသကြီးနှစ်ခုရဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့ နှစ်ဖက်စလုံးက လိုလားခဲ့ကြရာက ပြင်သစ်သမ္မတ ဂျက်ရှီရက်ရဲ့ စင်ကာပူ ခရီးစဉ်အတွင်း စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်နဲ့ ဆွေးနွေးရာမှာ အာရှ-ဥရောပ ခေါင်းဆောင်များ အလွတ်သဘော (Informal)တွေ့ဆုံကြဖို့ ဖိုရမ်တစ်ခုထူထောင်မယ်ဆိုပြီး တိုင်ပင်ခဲ့ရာက ၁၉၉၄ နိုဝင်ဘာမှာ အေဆမ်ကို အဆိုပြုခဲ့တာလို့ မှတ်သားမိပါတယ်။ ၁၉၉၄ ဇူလိုင်မှာ ထုတ်ပြန်ခဲ့တဲ့ ဥရောပကော်မရှင်ရဲ့ အာရှအတွက် ချဉ်းကပ်မှု မဟာဗျူဟာသစ် (Towards a New Strategy for Asia) စာတမ်းဟာလည်း အေဆမ်အတွက် လမ်းခင်းပေးခဲ့တာဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံရဲ့ နောက်ဆုံး ဟောင်ကောင်အုပ်ချုပ်ရေးမှူးတာဝန်ကို ထမ်းဆောင်ပြီး ဥရောပကော်မရှင်ကို ရောက်သွားတဲ့ မစ္စတာ ခရစ္စပက်တန်ဟာလည်း အာရှ-ဥရောပ ပူးပေါင်းဆောင်ရွက်မှုမှာ အဓိကအခန်းက ပါဝင်ခဲ့ပါသေးတယ်။

အဲဒီကနေ **၁၉၉၆ မတ်လမှာ ပထမဆုံး အေဆမ်အစည်းအဝေး**ကို ဗန်ကောက်မြို့မှာ စတင်ခဲ့ပြီး နှစ်နှစ်တစ်ကြိမ် အာရှနဲ့ ဥရောပမှာ တစ်လှည့်စီ ကျင်းပဖြစ်လာခဲ့ပါတယ်။ အာဆီယံမှာဆိုရင် ထိပ်သီးအစည်းအဝေးက နောက်မှ ကျင်းပလာတာဖြစ်ပြီး အေဆမ်မှာတော့ ထိပ်သီးအစည်းအဝေးနဲ့ စတင်ခဲ့တာဟာလည်း အေဆမ်ရဲ့ ထူးခြားမှုပဲဖြစ်ပါတယ်။ အေဆမ်ထိပ်သီးအစည်းအဝေးမရှိတဲ့နှစ်မှာ အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကိုလည်း ဥရောပနဲ့ အာရှမှာ အလှည့်ကျ ပြုလုပ်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဟာ တစ်နှစ်ခြားစီမဟုတ်တော့ဘဲ နှစ်စဉ်ကျင်းပဖြစ်ပါတယ်။နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနဲ့အတူ နိုင်ငံခြားရေးဝန်ကြီးဌာနက အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကိုလည်း ကျင်းပပါတယ်။ အဆင့်မြင့်အရာရှိအစည်းအဝေးကတော့ တစ်နှစ်ကိုနှစ်ကြိမ် ကျင်းပပါတယ်။ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြင် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိပြီး ဘဏ္ဍာရေးဝန်ကြီးများလည်း အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးမှု ရှိပါတယ်။ အေဆမ်မှာ အာရှနဲ့ ဥရောပဒေသဆိုင်ရာတွေကိုသာမက တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့အရေးကိစ္စများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ကူးစက်ရောဂါပျံ့ပွားမှုထိန်းချုပ်ရေး၊ အနာဂတ်ပူးပေါင်း ဆောင်ရွက်ရေးတို့ကိုလည်း ဆွေးနွေးလေ့ရှိပါတယ်။

> **မြန်မာနိုင်ငံဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုများကို အီးယူက ဦးဆောင်ထောက်ခံပံ့ပိုးနေပြီး မြန်မာ-အီးယူ ဆက်ဆံရေးကောင်းလာတာနဲ့အမျှ အာဆီယံ-အီးယူ ဆက်ဆံရေး၊ အေဆမ်အတွင်း ပူးပေါင်းဆောင်ရွက်ရေး တွေကိုပါ အထောက်အကူပြုလာ**

အေဆမ်ဟာ အာဆီယံ-အီးယူနဲ့မတူပါဘူး။ အာဆီယံ-အီးယူက အုပ်စုချင်းတွေ့ဆုံမှုဖြစ်ပြီးတော့ အေဆမ်ကတော့ အာဆီယံ-အီးယူအပြင် အာဆီယံအဖွဲ့ဝင်၊ အီးယူအဖွဲ့ဝင်မဟုတ်ဘဲလည်း အာရှနဲ့ ဥရောပဒေသမှာတည်ရှိနေရင် ပါဝင်တက်ရောက်ဖို့ အကျုံးဝင်ပါတယ်။ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်လည်းဖြစ်တယ်။ အာရှဒေသမှာလည်းရှိတဲ့အတွက် အေဆမ်မှာအဖွဲ့ဝင်အဖြစ် ပါဝင်ပါတယ်။ ဒါကြောင့် အခု ၂၀၁၄ အောက်တိုဘာ ၁၆-၁၇ ရက်အတွင်း အီတလီနိုင်ငံ မီလန်မြို့မှာကျင်းပမယ့် ဒသမအကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက နိုင်ငံတော်သမ္မတကိုယ်တိုင် ဦးဆောင်တက်ရောက်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့အေဆမ်မှာ ပါဝင်တက်ရောက်မှုဟာ မြန်မာနိုင်ငံအတွက် အဓိပ္ပာယ်လေးနက်မှုကြီးမားပါတယ်။ အေဆမ်အဖွဲ့ဝင်အဖြစ် တက်ရောက်တဲ့အပြင် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်တာကြောင့် မြန်မာနိုင်ငံနိုင်ငံတော်သမ္မတအနေနဲ့ မိမိနိုင်ငံကို ကိုယ်စားပြုတဲ့အပြင် အာဆီယံကိုပါ ကိုယ်စားပြုရမှာဖြစ်ပါတယ်။ သက်တမ်းအနှစ်(၂၀) အတွင်း အေဆမ်အစည်းအဝေးများဟာလည်း အာရှနဲ့ ဥရောပ ပူးပေါင်းဆောင်ရွက်မှုတွေကို နိုင်ငံရေး၊ စီးပွားရေး၊ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးကဏ္ဍတွေသာမက ယဉ်ကျေးမှု၊ ပညာရေးနဲ့ သုတေသန၊ လူငယ်ကဏ္ဍတွေမှာပါ တိုးချဲ့ဆောင်ရွက်နေနိုင်ပြီ ဖြစ်ပါတယ်။

မြန်မာနဲ့အေဆမ် သမိုင်းကြောင်းကို ပြန်ကြည့်ရင် အမှတ်တရဖြစ်စရာတွေ တော်တော်လေးရှိခဲ့ပါတယ်။ အေဆမ်ဟာ ၁၉၉၆ ခုနှစ်မှာပေါ်လာပြီး မြန်မာနိုင်ငံဟာ ၁၉၉၇ ခုနှစ်မှာ အာဆီယံအဖွဲ့ဝင်ဖြစ်ခဲ့တာဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်ကစပြီး မြန်မာနိုင်ငံဟာ နိုင်ငံရေးအခြေအနေတွေကြောင့် အီးယူဥရောပသမဂ္ဂရဲ့ ဖိအားပေးမှု၊ ကန့်သတ်မှုများကို ရင်ဆိုင်နေရတဲ့အချိန်ဖြစ်ပါတယ်။ **၁၉၉၈ ဒုတိယအေဆမ်အစည်းအဝေး**ကို လန်ဒန်မြို့မှာကျင်းပတဲ့အခါ အာဆီယံအဖွဲ့ဝင် (၇)နိုင်ငံ၊တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား စုစုပေါင်း အာရှက (၁၀)နိုင်ငံနဲ့ ဥရောပက အီးယူ (၁၅)နိုင်ငံ တက်ရောက်ခဲ့ပါတယ်။ ဥရောပဘက်က အထူးသဖြင့် အီးယူက မြန်မာနိုင်ငံအေဆမ်မှာပါဝင်လာဖို့ကို လက်မခံသလို အာဆီယံဘက်ကလည်း အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံစလုံးကို အေဆမ်မှာ ပါဝင်တက်ရောက်ခွင့်ပြုဖို့ ရပ်တည်တောင်းဆိုခဲ့ပါတယ်။


အဲဒီအချိန်မှာ အေဆမ်ဟာ ပီပီပြင်ပြင်ဖြစ်မလာသေးတာကြောင့် ဥရောပဘက်က အာဆီယံ-အီးယူ ၁၉၈၀ ပရိုတိုကောမှာ မြန်မာနိုင်ငံပါဝင်လက်မှတ်မထိုးသေးတာ၊ ဒီပရိုတိုကောကို လက်မှတ်ထိုးမယ်ဆိုရင်လည်း ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးစောင့်ရှောက်မှုမှာ တိုးတက်ဖို့ လိုနေတာတွေကို အကြိတ်အနယ်ဆွေးနွေးကြရပါတယ်။ အဲဒီအချိန်ကဆိုရင် အာရှ-ဥရောပဆက်ဆံရေးမှာ မြန်မာနိုင်ငံ အရေးဟာ အဖုအထစ်တစ်ခုဖြစ်လာတယ်လို့တောင် ဆိုကြပါတယ်။ ဒါပေမယ့် အဲဒီကာလတစ်လျှောက်လုံး အာဆီယံဟာ မြန်မာကို အေဆမ်ကဖယ်ထားဖို့ ဥရောပဘက်က တောင်းဆိုတာကိုလက်မခံဘဲ အာဆီယံ (၁၀) နိုင်ငံစလုံး တူညီပါဝင်ဖို့ကို ခိုင်ခိုင်မာမာရပ်တည်ခဲ့ပါတယ်။ မြန်မာမပါရင် အာဆီယံဘက်က ဒီအစည်းအဝေးကို မတက်ဘူးလို့တောင်ပြောတဲ့အထိ အာဆီယံစည်းလုံးညီညွတ်မှုကိုပြသခဲ့ပါတယ်။ နောက်ဆုံး အီးယူအဖွဲ့ဝင်သစ်တွေ အေဆမ်ကို ပါဝင်ဖို့အီးယူဘက်က လိုလားလာတဲ့အချိန်မှာ အာဆီယံအဖွဲ့ဝင်သစ်အားလုံးကိုလည်း လက်ခံလိုက်ရပါတော့တယ်။ ဒါတောင် ဥရောပဘက်က မြန်မာနိုင်ငံကို အစည်းအဝေးမှာတက်ပဲတက်ရမယ်၊ စကားဝင်မပြောရဘူး၊ မဆွေးနွေးရဘူးတို့၊ မြန်မာနိုင်ငံရဲ့ တရားဝင်အမည်ကို မြန်မာအစိုးရသုံးနေတာမဟုတ်တဲ့ အမည်နဲ့ သုံးတာတို့၊ နိုင်ငံခြားရေးဝန်ကြီးအဆင့်ပဲတက်ဖို့ တောင်းဆိုတာတို့ကို နည်းအမျိုးမျိုးနဲ့ ကန့်သတ်ဖို့ကြိုးပမ်းခဲ့ပါတယ်။ မြန်မာကလည်း စတိပါဝင်ခွင့်ပေးတယ်ဆိုတာကို လက်မခံဘဲ ထိထိရောက်ရောက်ပါဝင်နိုင်ဖို့ အာဆီယံအတွင်းမိတ်ဆွေနိုင်ငံများနဲ့အတူ ရပ်တည်တောင်းဆိုခဲ့ပါတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံမှာ ဖြစ်ပေါ်လာတဲ့ အပြုသဘောနိုင်ငံရေး တိုးတက်မှုလေးတွေကို အေဆမ်အောက်ခြေအဆင့်အစည်းအဝေးများမှာ တင်ပြစည်းရုံးခဲ့ရပါတယ်။ မြန်မာအစိုးရကိုဆန့်ကျင်နေသူတွေကလည်း အဲဒီအချိန်ကို အခွင့်ကောင်းယူပြီး မြန်မာကိုဖိနှိပ်တတ်ကြပါတယ်။

အဲဒီလိုနဲ့ မြန်မာနိုင်ငံက အေဆမ်ထိပ်သီးအစည်းအဝေးကို ၂၀၀၆ ခုနှစ် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးမှာ ကျင်းပတဲ့အချိန်ကစပြီး နိုင်ငံခြားရေးဝန်ကြီးဦးဆောင်တက်ရောက်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် တရုတ်နိုင်ငံမှာ ကျင်းပတဲ့အချိန်၊ ၂၀၁၀ ဘယ်လ်ဂျီယံမှာ ကျင်းပတဲ့အချိန်တွေမှာလည်း နိုင်ငံခြားရေးဝန်ကြီးပဲ ဦးဆောင်တက်ရောက်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်ကစလို့ ကျင်းပတဲ့ နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေး၊ ဘဏ္ဍာရေးဝန်ကြီးအစည်းအဝေး၊ စီးပွားရေးဝန်ကြီးအစည်းအဝေးတို့မှာလည်း မြန်မာနိုင်ငံက ပါဝင်တက်ရောက်ခဲ့ပါတယ်။

ဒါကြောင့်အရင်က မြန်မာနိုင်ငံဟာ အေဆမ်အစည်းအဝေးတွေကိုတက်ဖို့ ခက်ခက်ခဲခဲကြိုးပမ်းခဲ့ရတာဖြစ်ပြီး မြန်မာသာမက အာဆီယံကပါ ဝိုင်းဝန်းကြိုးပမ်းပေးခဲ့ရပါတယ်။ နောက်ပြီး အာရှမှာပြုလုပ်တဲ့ အစည်းအဝေးတွေထက် ဥရောပမှာပြုလုပ်တဲ့ အစည်းအဝေးအလှည့်ဆိုရင် မြန်မာကိုယ်စားလှယ်အဖွဲ့အတွက် ပြည်ဝင်ဗီဇာကအစ ခက်ခဲမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။

အခုတော့ ဒီလိုဖြစ်ရပ်တွေ ကင်းဝေးသွားခဲ့ပါပြီ။ မြန်မာနိုင်ငံမှ မြန်မာကိုယ်စားလှယ်တွေကို အေဆမ်အစည်းအဝေးမှာ ဆန့်ကျင်မှု၊ မလိုလားမှု၊ ပြစ်တင်ဝေဖန်မှုများ မရှိတော့ဘဲ အားပေးကူညီပံ့ပိုးမှုတွေက နေရာယူနေပါပြီ။ မြန်မာနိုင်ငံဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုများကို အီးယူက ဦးဆောင်ထောက်ခံပံ့ပိုးနေပြီး မြန်မာ-အီးယူ ဆက်ဆံရေးကောင်းလာတာနဲ့အမျှ အာဆီယံ-အီးယူဆက်ဆံရေး၊ အေဆမ်အတွင်း ပူးပေါင်းဆောင်ရွက်ရေးတွေကိုပါ အထောက်အကူပြုလာနိုင်တာဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်မှာ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၅-၇ ရက်က လာအိုနိုင်ငံ ဗီယင်ကျန်းမှာ ကျင်းပတဲ့ နဝမအကြိမ် အေဆမ်အစည်းအဝေးကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်တိုင် တက်ရောက်ခဲ့တာဆိုရင် မြန်မာနိုင်ငံအနေနဲ့ ပထမဆုံးအကြိမ် အေဆမ်ထိပ်သီးအစည်းအဝေးကို နိုင်ငံတော်အကြီးအကဲ ဦးဆောင်တက်ရောက်ခဲ့တာပဲဖြစ်ပါတယ်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေပြုလုပ်လာတဲ့ မြန်မာနိုင်ငံကို ဥရောပဒေသနိုင်ငံတွေက အထူးစိတ်ဝင်စားထောက်ခံလာကြတဲ့အခါ ဗီယင်ကျန်းအစည်းအဝေးမှာ မြန်မာနိုင်ငံ နိုင်ငံတော်သမ္မတဟာ အစည်းအဝေးတက်ရောက်လာတဲ့ အထူးသဖြင့် ဥရောပနိုင်ငံများက ခေါင်းဆောင်များရဲ့အစည်းအဝေးပြင်ပတွေ့ဆုံမှုအတော်များများကို လက်ခံတွေ့ဆုံခဲ့ရပါတယ်။ လူဇင်ဘတ်၊ ဒိန်းမတ်၊ အီတလီ၊ ဖင်လန်နိုင်ငံများက နိုင်ငံတော်အကြီးအကဲများဟာ မြန်မာနိုင်ငံ နိုင်ငံတော်သမ္မတကို ဗီယင်ကျန်းမှာ တွေ့ဆုံဖို့ ဆောင်ရွက်ခဲ့ကြပါတယ်။ နိုင်ငံတော်သမ္မတတင်မက မြန်မာနိုင်ငံခြားရေးဝန်ကြီးကိုလည်း တွေ့ဆုံခဲ့တာတွေ ရှိလာပါတယ်။ ဒီလိုနဲ့ အေဆမ်ဟာ အာရှ-ဥရောပဆက်ဆံရေးအတွက်သာမကဘဲ မြန်မာနိုင်ငံရဲ့ ဥရောပကို ဆက်ဆံထိတွေ့မှု တိုးတက်စေခဲ့တဲ့ ဖိုရမ်တစ်ခုလည်း ဖြစ်လာပါတယ်။

အခု ထပ်မံကျင်းပတော့မည့် ဒသမအကြိမ် အေဆမ်အစည်းအဝေးကိုလည်း အီတလီနိုင်ငံ မီလန်မြို့မှာ အောက်တိုဘာ ၁၆ ရက်ကနေ ၁၇ ရက်အထိ ကျင်းပတဲ့အခါ နိုင်ငံတော်သမ္မတ ဦးဆောင် တက်ရောက်မှာဖြစ်လို့ မြန်မာနိုင်ငံရဲ့အကြီးအကဲအနေနဲ့ ဥရောပမှာကျင်းပတဲ့ အေဆမ်ထိပ်သီးအစည်းအဝေးကို ပထမဆုံးအကြိမ် တက်ရောက်ခြင်းပဲဖြစ်ပါတယ်။ အေဆမ်ဟာ အာရှနဲ့ဥရောပက နိုင်ငံပေါင်း ၅၀ နီးပါး ပါဝင်တက်ရောက်တဲ့ ထိပ်သီးအစည်းအဝေးဖြစ်တာကြောင့် ဒီအစည်းအဝေးမှာ ရရှိခဲ့တဲ့အတွေ့အကြုံများ၊ တည်ဆောက်ခဲ့တဲ့ ခင်မင်ရင်းနှီးမှုများက မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေး၊ ဒီမိုကရေစီစနစ် တည်ဆောက်ရေးလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်တဲ့အကြောင်း တင်ပြအပ်ပါသည်။ ။






ပြည်သူ့လွှတ်တော်အစည်းအဝေး

# သန်းခေါင်စာရင်းအချက်အလက်များအပေါ်မူတည်၍ လူဦးရေမူဝါဒများကို ချမှတ်ရေးဆွဲသွားရမည်

**နေပြည်တော် အောက်တိုဘာ ၁၅**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ **"လယ်ယာလုပ်သားနှင့် ရွှေ့ပြောင်းလုပ်သားများအပြင် လက်လုပ်လက်စားများအတွက် လူမှုစီးပွားရေးသာမက လူမှုနိုင်ငံရေးဘဝကိုပါ တည်ငြိမ်စေရေးအတွက် လူဦးရေဆိုင်ရာ ပေါ်လစီတစ်ခုချမှတ်ရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က လူဦးရေပေါ်လစီရေးဆွဲနိုင်ရေးအတွက် တိကျသေချာသော လူဦးရေကိန်းဂဏန်းများရှိရန် လိုအပ်သဖြင့် သန်းခေါင်စာရင်းကို ကောက်ယူရခြင်းဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကြီးတစ်ခုလုံး ပြီးဆုံးချိန်တွင် လူဦးရေပေါ်လစီအား ရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ ရရှိသော သန်းခေါင်စာရင်းအချက်အလက်များအပေါ်မူတည်၍ လူဦးရေမူဝါဒများကို ချမှတ်ရေးဆွဲသွားရမည်ဖြစ်ပါကြောင်း၊ လူဦးရေ မူဝါဒရေးဆွဲပါက မိမိနိုင်ငံအတွက် သင့်လျော်မှုအရှိဆုံး၊ အဆီလျော်ဆုံးဖြစ်သည့် အနေတော်လူဦးရေ၊ မိမိနိုင်ငံ၏ သယံဇာတကြွယ်ဝမှု၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေ၊ ပထဝီ ဒေသအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု၊ မိမိနိုင်ငံ၏ လက်ရှိ လူဦးရေတိုးနှုန်း၊ မွေးနှုန်း၊ သေနှုန်း၊ ပြောင်းရွှေ့နေထိုင်နှုန်း၊ မျှော်မှန်းသက်တမ်း၊ အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေ၊ သိပ်သည်းဆ၊ ပျံ့နှံ့နေထိုင်ပုံ၊ မှီခိုသူအချိုး၊ အနေတော်လူဦးရေ၊ တစ်ဦးကျဝင်ငွေ၊ ပညာရေးအခြေအနေနှင့် အမျိုးသားလုံခြုံရေးအတွက် လိုအပ်ချက်များ ထည့်သွင်းရေးဆွဲရမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရေရရှိရေးမေးခွန်း(၂)ခုနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ပြန်လည်ဖြေကြားခဲ့သည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့်၏ **"နိုင်ငံအဝှမ်း သင့်တင့်သော ကျေးရွာတိုင်း၌ စိုက်ပျိုးရေရရှိရေးအတွက် ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပေးခြင်း၊ မြေအောက် ရေတွင်းများ တူးဖော်ပေးခြင်းနှင့် လျှပ်စစ်ဖြင့် ရေတင်ပေးခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံများတည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ်များ၊ ရေတံခါးများတည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ကျေးလက်ဆည်ကန်များ ပြုပြင်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆည်ငယ်၊ကန်ငယ်(၂၀၆)ခု၊ သီးသန့်ရန်ပုံငွေဖြင့် ဆည်ငယ်၊ ကန်ငယ်(၂၁၈)ခု၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း နွေစပါးရေရရှိရေးလုပ်ငန်းများ၊ ကန်ငယ်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်



တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဇင်မျိုးလတ်

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသစိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျေးလက်ဆည်ကန်များ ပြုပြင်ခြင်း(၁၃၂)ခု၊ မကွေးတိုင်းဒေသကြီးတွင် ဆည်ငယ်၊ ကန်ငယ်(၁၆၀)ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ဆည်ငယ်၊ ကန်ငယ်(၉၅၆)ခု ပြုပြင်ခြင်း လုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မြစ်ရေတင်လုပ်ငန်းနှင့် မြေအောက်ရေရရှိရေးလုပ်ငန်းများမှ စိုက်ပျိုးရေပေးဝေရေးဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ မြစ်ရေတင်လုပ်ငန်း (၃၃၂)ခုနှင့် မြေအောက်ရေ စက်ရေတွင်း (၁၂၆၆)တွင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့်အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြစ်ရေတင်လုပ်ငန်း(၁၆)ခုနှင့် စက်ရေတွင်း (၂၀၉၄)တွင်း တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျေးလက်ရေရရှိရေး အပူပိုင်းဇုန်တိုင်းဒေသကြီး(၃)ခုတွင် ၂၀၁၂-၂၀၁၃ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း(၈၇)ရွာတွင် ရေရရှိရေးလုပ်ငန်း(၈၇)ခုအား JICA ဖြင့် ပူးပေါင်း၍ လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်(၁၄)ခုတွင် ၂၀၁၂-၂၀၁၃မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း(၇၄၀၂)ရွာတွင် ရေရရှိရေးလုပ်ငန်း(၈၁၇၁)ခုအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ရေပေးဝေရေးလုပ်ငန်းများအတွက် ငွေကျပ် သန်းပေါင်း(၃၈၂၁၇ ဒသမ ၅၅)သန်းထိ တိုးမြှင့်ခွဲဝေရရှိခဲ့သဖြင့် တွင်းတိမ်(၁၇၆)တွင်း၊ တွင်းနက် (၉၈၂)တွင်း၊ လက်တူးတွင်း(၃၁၉)တွင်း၊ ရေကန်(၈၆၈)ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း(၇၃၈)ခုနှင့် အခြားရေပေးရေးလုပ်ငန်း(၂၂၆)ခု စုစုပေါင်းရေရရှိရေးလုပ်ငန်း (၃၃၀၉)ခုအား ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇင်မျိုးလတ်၏ **"နွေရာသီ၌ နှစ်စဉ်ကြုံတွေ့နေရသော သောက်သုံးရေရှားပါးမှု ပြဿနာများကို ဖြေရှင်းပေးနိုင်ရန်နှင့် နှစ်တို/နှစ်ရှည် စီမံကိန်းများမည်ကဲ့သို့ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်"**မေးခွန်းနှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်ရေရရှိရေး (၅)နှစ် စီမံကိန်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်ရေရရှိရေး အနှစ်(၂၀) စီမံကိန်းများရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အပူပိုင်းဇုန် တိုင်းဒေသကြီး(၃)ခုတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း(၈၇)ရွာတွင် ရေရရှိရေးလုပ်ငန်း(၈၇)ခုအား JICA ဖြင့် ပူးပေါင်း၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် (၁၄)ခုတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း (၃၁၆)ရွာတွင် ရေရရှိရေးလုပ်ငန်း(၃၃၆)ခုအား UNICEF ဖြင့် ပူးပေါင်း၍ လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း (၇၄၀၂)ရွာတွင် ရေရရှိရေးလုပ်ငန်း(၈၁၇၁)ခုအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် သောက်သုံးရေရှားပါးမှု ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့်လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေဖြင့်လည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ နှစ်တို၊ နှစ်ရှည်စီမံကိန်းများဖြင့်လည်းကောင်း၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းဖြစ်သည့် (UNICEF)နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)စသည့် အဖွဲ့အစည်းများဖြင့် မြို့ပြ၊ ကျေးရွာ အနှံ့အပြားရေပေးဝေရေးလုပ်ငန်းများ စီမံဆောင်ရွက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ငွေကျပ် (၃၈၂၁၇ ဒသမ၅၅)သန်းဖြင့် လုပ်ငန်းပေါင်း (၃၃၀၉)ခုအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြေဈေးကြီးမြင့်မှုရှောင်လွှဲနိုင်ရန် နေရာငှားရမ်းပေးသွားနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **"စက်မှုဇုန်မြေကွက်များတွင် အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နေသူ လုပ်ငန်းရှင်များထံမှ မြေကွက်ပါမစ်ရရှိသူများထံ ငှားရမ်းခဈေးကြီးမြင့်စွာပေးပြီး ငှားရမ်း ဆောင်ရွက်နေရသည့်အပေါ် ဖြေရှင်းပေးနိုင်ခြင်း ရှိ၊ မရှိနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက်လည်း စက်မှုဇုန် မြေဈေးကြီးမြင့်မှုသည် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရာတွင် အဓိကအကျဆုံးသောအခက်အခဲ ဖြစ်ပေါ်နေသည့်အပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က စည်းကမ်းနှင့် မညီညွတ်သည့် မြေလွတ်မြေကွက်လပ်များကို စီမံခန့်ခွဲမှု ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရေးအတွက် အကောင်အထည်ဖော်မည့်ကာလကို သက်ဆိုင်ရာလုပ်ငန်းရှင်များအား အသိပေးညှိနှိုင်းပြီး လုပ်ငန်းအဆိုပြုချက်တင်ပြစေခြင်း၊ တည်ဆောက်မည့် လုပ်ငန်းပမာဏကိုမူတည်၍ အဆိုပြုချက်နှင့် စီမံကိန်းကာလကို ကော်မတီမှ အတည်ပြုပြီး လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုရှိ၊ မရှိ ကြီးကြပ်စစ်ဆေးခြင်းနှင့် လုပ်ငန်းအဆိုပြုချက်တင်ပြခြင်းမရှိသည့်မြေကွက်လပ်များကို နိုင်ငံတော်သို့ပြန်လည်အပ်နှံစေခြင်း၊ အဆိုပြု စီမံကိန်းကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းမရှိသည့် မြေကွက်များကို ဒဏ်ကြေးငွေများ ပေးသွင်းစေခြင်းတို့အထိ ဆောင်ရွက်နိုင်ရန်စီစဉ်လျက်ရှိပါကြောင်း။



စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှဒေါက်တာမြတ်ဉာဏစိုး

ထို့အပြင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရာတွင် မြေဈေးကြီးမြင့်မှုရှောင်လွှဲနိုင်ရန် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် Factory Apartment များ ဆောက်လုပ်ဖော်ထုတ်ပြီး နေရာငှားရမ်းပေးသွားနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်လျက်ရှိပါကြောင်း၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့်ရန်ကုန်တိုင်းဒေသကြီးမှလွဲ၍ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များရှိစက်မှုဇုန်များတွင် သင့်တင့်သည့်ဈေးနှုန်းဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

စက်မှုဇုန် တစ်ခုတည်ထောင်ရာတွင် ပင်လယ်ရေလမ်းခရီးနှင့် ဆိပ်ကမ်းကောင်း တည်ရှိမှုသည် အရေးကြီးသဖြင့် ပင်လယ်ထွက်ပေါက်တွင် တည်ရှိသည့် ပုဏ္ဏားကျွန်းစက်မှုဇုန်သည် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ လိုလားချက်များနှင့် ကိုက်ညီသဖြင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရနှင့် ဆက်သွယ်လုပ်ကိုင်ကြမည်ဆိုပါက သက်သာသည့်နှုန်းထားဖြင့် မြေငှားရမ်းလုပ်ကိုင်နိုင်ကြမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ သဘောထားမှတ်ချက်နှင့် လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ကော်မတီဝင်တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင်က ဖတ်ကြားတင်သွင်းသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ သဘောထားမှတ်ချက်နှင့် လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သည့် ၂၀၁၃ ခုနှစ် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ပြည်တွင်းရေးရာ

## ☆ နိုင်ငံတော်သမ္မတမှ

အာရှ-ဥရောပ ဆွေးနွေးပွဲအဖွဲ့ဝင်ဖြစ်လာပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာလက လာအိုနိုင်ငံ၌ ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး(အေဆမ်)ကို နိုင်ငံတော်သမ္မတ တက်ရောက်ခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် ဥရောပဒေသတွင်ကျင်းပမည့် (၁၀)ကြိမ်မြောက် အေဆမ်အစည်းအဝေးကို မြန်မာနိုင်ငံသမ္မတတစ်ဦးအနေဖြင့် ပထမဆုံးအကြိမ် တက်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ✻ မြစ်ချောင်းအင်းကန်မှ

စတင်ဖောက်လုပ်ခဲ့ရာ ၁၈၇၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ပဲခူး-စစ်တောင်းတူးမြောင်းသည် ပဲခူးမြစ်နှင့် စစ်တောင်းမြစ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသောကြောင့် သနပ်ပင်မြို့နယ် တာဝကျေးရွာအနီးရှိ ပဲခူးမြစ်မှ ဝေါမြို့နယ် မြစ်ကျိုးကျေးရွာအနီးရှိ စစ်တောင်းမြစ်တို့ကို ဆက်သွယ်ထားခြင်းဖြစ်ပြီး အရှည် ၃၇ မိုင် ၇ ဖာလုံ၊ ပျမ်းမျှထိပ်ဝအကျယ် ပေ ၁၅၀ နှင့် ရေအနက်မှာ ၁၀ ပေရှိသည်။

ပဲခူး-စစ်တောင်း တူးမြောင်းတစ်လျှောက် တာဝကျေးရွာတူးမြောင်းမှ သနပ်ပင်မြို့နယ်အကြားရှိ တာတမံကို ရေဘေးကာကွယ်ရေးတမံအဖြစ် သတ်မှတ်ခဲ့သည်။ ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း တူးမြောင်းအဆောက်အအုံများ ထည့်သွင်းဆောက်လုပ်ထားပြီး တူးမြောင်းထိပ်ဝနှစ်ဖက်တွင် ရေယာဉ်ဝင်/ထွက်နိုင်ရေးအတွက် ပေ ၃၀ အကျယ်ရှိသည့် ရေမျက်နှာပြင်ညှိရန် ရေတံခါးနှစ်ခုတည်ဆောက်ထားသည်။

ပဲခူးမြစ်ဘက်တွင် တာဝရေတံခါးနှင့် စစ်တောင်းမြစ်ဘက်တွင် မြစ်ကျိုးရေတံခါးရှိသည်။ မိုးရာသီတူးမြောင်းအတွင်း သတ်မှတ်ချက်ထက် ရေများလာသည့်အခါ ရေပိုရေလျှံများကို စွန့်ထုတ်ပစ်ရန် ရေလွှဲပေါက်လေးခုကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။ ကျိုက်ပဒိုင်ရေလွှဲပေါက်၊ ပုဂံညောင်ပင်ရေလွှဲပေါက်၊ မင်းရွာရေလွှဲပေါက်နှင့် အဗျား-ရှမ်းကိုင်းရေလွှဲပေါက်တို့ဖြစ်သည်။ ထို့အပြင် နွေရာသီတူးမြောင်းအတွင်း ရေနည်းချိန်တွင် စက်လှေများ ကောင်းစွာသွားလာနိုင်ရေးအတွက်ရည်ရွယ်၍ စစ်တောင်းမြစ်ရေမြှင့်တင်နိုင်ရန် မြစ်ကျိုးရေသွင်းပေါက်တစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်ပေးထားသည်။

ပဲခူး-စစ်တောင်းတူးမြောင်း၏ တစ်ချိန်က အောက်ခြေကြမ်းပြင်အခြေအနေကို တိုင်းတာကြည့်ရာ အလယ်အူကြောင်း ရေလမ်းကြောင်းတစ်လျှောက် ပေ ၂၀ ခန့်သာလျှင် ကြမ်းပြင်အနေအထား ပုံမှန်ရှိပြီး ဘေးနှစ်ဖက်တွင် နုန်းထိုင်ကောနေခြင်းကြောင့် ရေသိုလှောင်နိုင်စွမ်း၊ ထိန်းထားနိုင်စွမ်း လျော့နည်း၍ မိုးရာသီတွင် ရေကြီး၊ ရေလျှံမှုကြုံတွေ့နေရခြင်း၊ တူးမြောင်းတာပေါင်များ နိမ့်ကျပျက်စီးနေခြင်းများဖြစ်ပေါ်နေသဖြင့် မိုးရာသီတွင် တူးမြောင်းရေကျော်ပြီး မိုးစပါးစိုက်ဧကများ ရေကြီးနစ်မြုပ်မှုကြုံတွေ့ရသဖြင့် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် ပဲခူး-စစ်တောင်းတူးမြောင်း ရေဘေးကာကွယ်ရေးတာ ပြုပြင်တည်ဆောက်ခြင်းများအပြင် တူးမြောင်းတစ်လျှောက်ရှိ ရေလွှဲပေါက်၊ ရေပေးဝေရေး၊ ရေတံခါး၊ ရေထိန်းတံခါးများ အဆင့်မြှင့်တင်ပြုပြင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်သည်။

တူးမြောင်းတူးဖော်ခြင်းလုပ်ငန်းအတွက် လျာထားခွင့်ပြုငွေကျပ် သန်း ၂၅၀၀၀ အနက် ကျပ်သန်း ၁၁၂၅၀ ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် သီးသန့်ရန်ပုံငွေမှ ကျခံဆောင်ရွက်ရေးဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပဲခူး-စစ်တောင်းတူးမြောင်းကို မူလက ကျွန်းသစ်ဖောင်များ အလေအလွင့်မရှိစေရန် ကုန်ကျစရိတ်နှင့် အချိန်ကို သက်သာစေရန် ရည်ရွယ်ပြီး သယ်ယူပို့ဆောင်နိုင်မည့် ရေလမ်းအဖြစ်ဖောက်လုပ်ခဲ့သည်။ သက်တမ်းအားဖြင့် နှစ်ပေါင်း (၁၃၆)နှစ်ရှိပြီဖြစ်သော ပဲခူး-စစ်တောင်းတူးမြောင်းကို ယခုကဲ့သို့ အဆင့်မြှင့်တင်ပြုပြင်ခြင်းအားဖြင့် ရေကြီးကွင်း၊ ရေနက်ကွင်းများမှ ရေတော်မိုးတော်စိုက်ကွင်းများဖြစ်ပေါ်လာသည်။ နွေစပါး၊ မိုးစပါးနှင့် သီးနှံမျိုးစုံ ပိုမိုစိုက်ပျိုးနိုင်ရန်၊ နွေရာသီတွင် စိုက်ပျိုးမြေများသို့ ရေငန်နှင့် ဆားငန်နုန်းများဝင်ရောက်မှုမှ ကာကွယ်ပေးရန်၊ လှေ၊ သမ္ဗန်နှင့် စက်တပ်ရေယာဉ်များ ကူးသန်းသွားလာရာတွင် လွယ်ကူလျင်မြန်ပြီး ကုန်စည်စီးဆင်းမှုလျင်မြန်စေရန်၊ သား၊ ငါးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်စေရန်၊ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရန် (၃၇/၇)မိုင်အရှည်ရှိ ပဲခူး-စစ်တောင်းတူးမြောင်းပေါင်ကို ရာသီမရွေးသွားလာနိုင်ရေးအတွက် ၁၈ ပေအကျယ် ဂဝံလမ်းခင်းခြင်းလုပ်ငန်းကိုပါ ဆောင်ရွက်ပေးသည့်အတွက် ဒေသတွင်း လူနေမှုဘဝမြင့်မားလာပြီး ဒေသတွင်းပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှု အမှန်တကယ်ပင်ဖြစ်သည်။

ရှမ်းကိုင်းရေထိန်းတံခါးကို မြင်တွေ့ရစဉ်။



မိုးယွန်းကြီးနှင့်ဆက်စပ်၍ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Eco-Tourism)များကိုလည်း ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ဝေါမြို့နယ်သည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဒေသခံပြည်သူတို့၏ လိုအပ်ချက်များဖြစ်သည့် ဒေသတွင်း အမှန်တကယ်လိုအပ်လျက်ရှိသော၊ ဒေသဖွံ့ဖြိုးရေးအတွက် မဖြစ်မနေလိုအပ်နေသော လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ လိုအပ်ချက်များရှိနေသည်။ လိုအပ်လျက်ရှိသော လမ်း၊ တံတားများကိုဖြည့်ဆည်းပေးခဲ့ပါလျှင် အချိုပေါ် သကာလောင်းသလို၊ ပန်းနှင့်ပျား ကြည်ဖြူစွာမေတ္တာသက်၍ နေနှင့်လ၊ ရွှေနှင့်မြပမာ စာရေးသူတို့ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ကို မြစ်ချောင်းအင်းကန် တာတမံဆည်အစွမ်း ဥဿာမြေအလှပန်းဟု တင်စားလိုက်ချင်စမ်းပါတော့သည်။ ။

## ❒ ပထမအကြိမ်မှ

ယင်းအစီရင်ခံစာ၌ အပိုဒ်၈၊ အပိုဒ်ခွဲ (ဃ) ပုဒ်မခွဲ (ဂ)အရ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာလျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ ဌာနက ပိုင်ဆိုင်သောငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ဆက်ခံရစေရမည်ဖြစ်ကြောင်း။

အပိုဒ်၈၊ အပိုဒ်ခွဲ(င) ပုဒ်မခွဲ(ဂ)အရ ဖွဲ့စည်းသော လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကို စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရန် အများနှင့်သက်ဆိုင်သော ကော်ပိုရေးရှင်းအဖြစ် သင့်လျော်သည့်အချိန်တွင် တည်ထောင်ဆောင်ရွက်ခွင့်ပြုနိုင်ကြောင်း။

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် **"နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လျှပ်စစ်ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (ပ)ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်းလည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ (က)နှင့် အပိုဒ် (၆၅)တို့ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်ပါကြောင်းနှင့် အပိုဒ် ၈၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲ (ဃ) နှင့် အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၇၊ အပိုဒ် ၃၂၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၅၈တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်ပါကြောင်း စသည်ဖြင့် ပါရှိသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို အောက်တိုဘာ ၂၀ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကျင်းပစဉ်။
(သတင်းစဉ်)

## ❂ ကျောက်မျက်ရိုင်းမှ

လိုက်လံကြီးကြပ်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ယခုရောင်းချပွဲတွင် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းမှစ၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်မျက်ရိုင်းအတွဲစုစုပေါင်း ၁၆၀ ရောင်းချပေးမည်ဖြစ်ပြီး ကျောက်စိမ်း အသားကျောက်အတွဲစုစုပေါင်း ၆၉၈၂ တွဲကိုလည်း အောက်တိုဘာ ၁၇ ရက်မှ ၂၀ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်တွင်း ကျောက်မျက်ရတနာကုန်သည်များအနေဖြင့် ကျောက်မျက်အတွဲအမှတ်(၁)မှ (၁၆၀)အထိကို ယနေ့ ညနေ ၅ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းပေးသွင်းလွှာထည့်သွင်းရမည်ဖြစ်ပြီး အောင်စာရင်းများကို အောက်တိုဘာ ၁၆ ရက်တွင် အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ကျောက်စိမ်းအတွဲ အမှတ် (၁)မှ (၁၇၅၀) အထိကို အောက်တိုဘာ ၁၆ရက် ညနေ ၅ နာရီ၊ အတွဲ အမှတ် (၁၇၅၁)မှ (၃၅၀၀)အထိကို အောက်တိုဘာ ၁၇ ရက် ညနေ ၅ နာရီ၊ အတွဲအမှတ် (၃၅၀၁)မှ (၅၂၅၀)အထိကို အောက်တိုဘာ ၁၈ ရက် ညနေ ၅ နာရီနှင့် အတွဲအမှတ် (၅၂၅၁)မှ (၆၉၈၂)အထိကို အောက်တိုဘာ ၁၉ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းပေးသွင်းလွှာ ထည့်သွင်းရမည်ဖြစ်ပြီး အောင်စာရင်းများကို အောက်တိုဘာ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက်တို့တွင် အမှတ်စဉ်အတိုင်း ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ မြန်မာကျပ်ငွေဖြင့် ကျောက်မျက်ရိုင်းနှင့် ကျောက်စိမ်း အသားကျောက်များ ရောင်းချခြင်းကြောင့် ကျောက်မျက်လုပ်ငန်းရှင်များအတွက် ကုန်ကြမ်းများရရှိနိုင်ပြီး ပြည်တွင်း အချောထည်ဈေးကွက် ကောင်းမွန်လာနိုင်ကြောင်း၊ ထို့ပြင် ငွေကြေးအရင်းအနှီးနည်းပါးသော ကျောက်စိမ်းလုပ်ငန်းရှင်များအတွက် အထောက်အကူပြုနိုင်ကြောင်း မြန်မာ့ကျောက်မျက်ဗဟိုကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

## ❁ ကျောဖုံးမှ

မျက်မမြင်စုစုပေါင်း ၇၉၀ ဦးနှင့် မျက်မမြင်အကူ ၃၀၃ ဦးတို့သည် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံထောင့်မှ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်း၊ ကမ်းနားလမ်း၊ ဘုန်းကြီးလမ်းမှ မဟာဗန္ဓုလလမ်းအတိုင်း မြို့တော်ခန်းမသို့ ပြန်လည်ရောက်ရှိကြရာ လမ်းတစ်လျှောက်ရှိ မြို့တော်သူမြို့တော်သားများ၊ ဌာနဆိုင်ရာလူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများက သွေးရင်းညီအစ်ကိုမောင်နှမများကဲ့သို့ နွေးထွေးစွာ ဂုဏ်ပြုကြိုဆိုကြပြီး လမ်းလျှောက်ပွဲတွင် ပါဝင်သူများအား ချွေးသုတ်ပဝါ၊ ရေသန့်ဘူး၊ အချိုရည်၊ မုန့်မျိုးစုံတို့ဖြင့် ချီးမြှင့်ကြိုဆိုဂုဏ်ပြုကြသည်။

မျက်မမြင်များစုပေါင်းလမ်းလျှောက်ပွဲကို နှစ်စဉ်ကျင်းပပေးသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြန်ကြားရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူး ဦးချို့ထွန်းအောင်နှင့်တွေ့ဆုံပြီး မျက်မမြင်လမ်းလျှောက်ပွဲနှင့်ပတ်သက်၍မေးမြန်းရာ "နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကို လူထုလှုပ်ရှားမှုအသွင်အဖြစ် တာဝန်ယူဆောင်ရွက်ပေးတာပါ။ ကျင်းပရာလမ်းတစ်လျှောက်မှာ မြို့တော်သူ မြို့တော်သားတွေရဲ့ အားပါးတရ တစ်ခဲနက် ဝိုင်းဝန်းကူညီအားပေးသံတွေကို မျက်မမြင်များအနေဖြင့် ဝမ်းမြောက်ကြည်နူးပီတိများလည်း ထိတွေ့ခံစားနိုင်ရန်နဲ့ လမ်းတစ်လျှောက် နိုင်ငံတကာကြက်ခြေနီလူငယ်မောင်မယ်များရဲ့ပြုစုမှုများဟာ မျက်မမြင်များအတွက် လောကဓံတရားရဲ့စိန်ခေါ်မှုများကို မေ့မှိန်စေပြီး သတ္တိများလည်း ပိုမိုရရှိနိုင်အောင် ကျင်းပပေးခြင်းဖြစ်ပါတယ်"ဟု ရှင်းပြသည်။**(အောက်ပုံ)**

ထို့နောက် မျက်မမြင်စုပေါင်းလမ်းလျှောက်ပွဲမှ ပြန်လည်ရောက်ရှိလာသော မျက်မမြင်များအား မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက ဂုဏ်ပြုဆုဖလား၊ လက်ဆောင်ပစ္စည်းများ၊ နေကာမျက်မှန်များကို အသီးသီးအမှတ်တရပေးအပ်ကြပြီး မျက်မမြင်သင်တန်းကျောင်းများမှ တေးဂီတများဖြင့် ဖျော်ဖြေကြကြောင်း သိရသည်။

**(စောသိန်းဝင်း)**



အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် အောက်တိုဘာ ၁၃ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ ဗဟိုကော်မတီမှချမှတ်ပေးသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ (၆)ရပ် ဖွဲ့စည်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံမဟာဗျူဟာစီမံကိန်း လုပ်ငန်းစီမံချက် (Action Plan)ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အဆိုပါ Action Plan ကို ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်းတင်ပြခဲ့မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများက လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက လုပ်ငန်းစီမံချက် (Action Plan)ပါ လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးထောက်ပံ့ပေးမှုများကို အကျိုးရှိထိရောက်စွာအသုံးပြုရေး ကြီးကြပ်ဆောင်ရွက်သွားရန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ခန်းမ၌ ပြည်ထောင်စုအဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာ အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား တွေ့ဆုံခဲ့ပြီး တာဝန်ရှိသူများက စားနပ်ရိက္ခာထောက်ပံ့မှု၊ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာရှယူ-၁၉ ပြိုင်ပွဲ ကွာတားပွဲစဉ်များ အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပမည်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ-၁၉ ပြိုင်ပွဲ အုပ်စုပွဲစဉ်များမှာ အောက်တိုဘာ ၁၄ ရက်က ပြီးဆုံးခဲ့ပြီး ကွာတားဖိုင်နယ် ပွဲစဉ်များကို အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ ထိုင်းအသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက လေးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(ခ)၌ ယူအေအီးအသင်းက ငါးမှတ်ဖြင့် အုပ်စုပထမ၊ ဥဇဘက်ကစ္စတန် အသင်းက ငါးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(ဂ)၌ ဂျပန်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ တရုတ်အသင်းက ငါးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(ဃ)၌ ကာတာအသင်းကခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ မြောက်ကိုရီးယားအသင်းက လေးမှတ်ဖြင့် အုပ်စုဒုတိယတို့ ရရှိထားသည်။ ကွာတားပွဲစဉ်များကို အောက်တိုဘာ ၁၇ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယူအေအီးနှင့် မြန်မာ၊ ထိုင်းနှင့်ဥဇဘက်ကစ္စတန်၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိကွင်း၌ ဂျပန်နှင့် မြောက်ကိုရီးယား၊ ကာတာနှင့် တရုတ်တို့ယှဉ်ပြိုင်မှုမှ ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိမည့် အသင်းလေးသင်းမှာ ၂၀၁၅ ခုနှစ်တွင် နယူးဇီလန်နိုင်ငံ၌ ကျင်းပမည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိမည် ဖြစ်သည်။ အိမ်ရှင်မြန်မာအသင်း အပါအဝင် ကွာတားရောက် အသင်းရှစ်သင်းစလုံးက ကမ္ဘာ့ဖလားဝင်ခွင့်ရရှိရန် အစွမ်းကုန်ကြိုးပမ်းကြမည်ဖြစ်ရာ အကြိတ်အနယ်ရှိမည့် ပွဲကောင်းများဖြစ်လာနိုင်ပေသည်။

အိမ်ရှင်မြန်မာအသင်းအနေဖြင့်လည်း ချန်ပီယံဆုရရှိရေးထက် ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိရန် အဓိကရည်မှန်းထားပြီး ယူအေအီးအသင်းနှင့် ယှဉ်ပြိုင်ရမည့် ကွာတားပွဲစဉ်က အဆုံးအဖြတ်ပွဲဖြစ်လာခဲ့သည်။ ကမ္ဘာ့အဆင့်ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရန်အတွက် မြန်မာအသင်း၏ သေရေးရှင်ရေးပွဲဖြစ်လာခဲ့သည်။ ယင်းအတွက်ကြောင့် မြန်မာဘောလုံးပရိသတ်၏ အားပေးမှုက အထူးအရေးပါလာသည်။ အီရန်နှင့်ပွဲကဲ့သို့ အလွန်အကြူး အားပေးမှုမျိုးမဖြစ်ရန် လိုအပ်ပြီး မြန်မာအသင်း အနိုင်ရရှိရန် ထိရောက်သည့် အားပေးမှုမျိုးဖြစ်ရန်လိုအပ်ပေသည်။

ကမ္ဘာ့အဆင့် ပြိုင်ပွဲတစ်ခုကို ယှဉ်ပြိုင်ခွင့်ရရှိရန် မြန်မာအသင်းက ယူအေအီးအသင်းကို ကျော်ဖြတ်နိုင်မလားဆိုတာ-----။ **ရှိုင်းထက်ဇော်**

# ခိုးမှုတစ်ခုအား ၄၈ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီး

**ပဲခူး အောက်တိုဘာ ၁၅**

ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်း အပိုင်တွင် အောက်တိုဘာ ၁၁ ရက်က မင်္ဂလာဆောင်အားလာရောက်သည့် ဧည့်သည်များ၏ ပစ္စည်းများကို ခေါင်းရင်းတွင်ထားပြီးအိပ်ခဲ့ရာ အိပ်ရာမှ နိုးသောအခါ ၎င်းတို့ပစ္စည်းများဖြစ်သော လက်တော့ပ်တစ်လုံးနှင့် ဖုန်းများ ကာလတန်ဖိုးငွေကျပ် ၁၇၉၀၀၀၀ ပျောက်ဆုံးသွားသဖြင့် အမှတ်(၃) ရဲစခန်းသို့ လာရောက်တိုင်ကြားရာ စခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်ငွေနေဦး၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်လင်းအောင်နှင့် အဖွဲ့တို့က ဒေသခံများနှင့် ပူးပေါင်းပြီး တရားခံများအား စုံစမ်းဖော်ထုတ်ခဲ့ရာ ယခင်ခိုးမှုများ မကြာခဏ ကျူးလွန်လေ့ရှိသူ သူရထွန်း (ခ) သူရ (၁၆)နှစ် အမှတ်(၆)ရပ်ကွက် ဥဿာမြို့သစ် ပဲခူးမြို့နေသူနှင့် ကွင်းဆက်တရားခံ ထက်လင်းအောင်တို့အား ဖမ်းဆီး၍ စစ်ဆေးမေးမြန်းခဲ့ရာ ခိုးယူခဲ့ကြောင်းဝန်ခံထွက်ဆိုသဖြင့် သက်သေခံပစ္စည်းများကို သိမ်းဆည်းခဲ့သည်။



ခိုးမှုတရားခံအား ၄၈ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိပြီး တရားခံ သူရထွန်း(ခ)သူရနှင့် ကွင်းဆက်တရားခံ ထက်လင်းအောင်တို့အား ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၀၇၅)**



ပင်းမြို့ဟောင်းမှ အောင်သပြေညီနောင်အား စေတီတော်နှင့် ပန်းသင့်စွာ မြင်တွေ့ရစဉ်။ (ရာမည)

# ပင်းမြို့ဟောင်းမှ လေ့လာစရာများ

"ရေကြည်ရာ မြက်နုရာ" ဆိုစကားနှင့်အညီ ကမ္ဘာဦးအစ လူသားများမှသည် ယနေ့ခေတ်လူသားများအထိ အကျုံးဝင်သူများသည် အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များမှ ကင်းဝေး၍ မိမိတို့ စားဝတ်နေရေး အဆင်ပြေ သာယာဝပြောနိုင်မည့် နေရာများသို့ ဖွေရှာပြောင်းရွှေ့ အခြေချနေထိုင်လေ့ရှိကြသည်။ မိသားစုများ ပေါင်းစည်းနေထိုင်ရာမှတစ်ဆင့် ရွာများ၊ ယင်းရွာများ စုစည်းများပြားလာမှုမှတစ်ဆင့် မြို့ပြများတည်ထောင်ခဲ့ကြသည်။အချို့မြို့ပြများသည် သဘာဝဘေး၊ ကပ်ရောဂါဘေးများနှင့် ကြုံတွေ့ခဲ့ရပြီး နှစ်ပရိစ္ဆေဒကြာမြင့်လာသည်နှင့် အမျှ တဖြည်းဖြည်း ပျက်စီးပျောက်ကွယ်သွားကြသည်က များသည်။ သို့သော်ငြားလည်း မပျက်မစီးဘဲ ယနေ့တိုင်အောင် တည်တံ့နေသော မြို့ပြများလည်း ရှိနေပါသေးသည်။

ယင်းမှာ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ရှိ ပင်းမြို့ဟောင်းပင်ဖြစ်သည်။ ပင်းမြို့ဟောင်း၏ အစသည် ဗုဒ္ဓဘုရားရှင် ပွင့်တော်မူချိန် အစောပိုင်းကာလ၌ ပျူလူမျိုးစုများ ထိုနေရာ၌ အုပ်စုဖွဲ့နေထိုင်ခဲ့ရာမှ စတင်၍ ပင်းမြို့ဖြစ်တည်လာခဲ့ရသည်။ ထိုမှ တကောင်းပြည်ကို အစိုးရသော သတိုးရာဓမ္မဇာမင်းသည် ဆရာဖြစ်သူ ဂေါဒ်ရသေ့နှင့် တိုင်ပင်၍ သက္ကရာဇ် ၂ ခုနှစ် တပေါင်းလဆန်း ၁၂ ရက် (ကြာသပတေးနေ့) နံနက် ၁ ချက်တီးချိန်တွင် နယ်လေးရပ်သတ်မှတ်၍ ရွှေပင်းမြို့ဟု သမုတ်ခဲ့ရာမှစတင်၍ ယနေ့ထိတိုင် တည်တံ့လျက်ရှိနေပေသည်။

ဗုဒ္ဓဘုရားရှင် ပွင့်တော်မူစဉ်ကာလ ဂေါဒ်ရသေ့ သီတင်းသုံးနေထိုင်ရာ အရပ်တွင် ပေါက်ရောက်နေသည့် သပြေညီနောင်မှာလည်း အံ့သြလောက်ဖွယ်ကြီးမားသောပင်စည်ကြီးများနှင့် မြင့်မားလှပစွာ ယနေ့တိုင် တည်ရှိနေပေသည်။ ဂေါဒ်ရသေ့အဓိဋ္ဌာန်ပြုထုလုပ်ကိုးကွယ်ခဲ့သော စိန်ဆင်းတုတော်နှင့် ရှင်အရဟံပင့်ဆောင်ခဲ့သော မဟာဗောဓိရွှေညောင်တော်တို့ကိုလည်း ရှေးမင်းအဆက်ဆက်တို့မှသည် ယနေ့တိုင်ထိ အစဉ်အဆက်ထိန်းသိမ်းရင်း ပင်းမြို့၌ တည်ရှိနေပေသည်။

"ဆံကေသာ လက်လေးသစ်၊ မုတ်ဆိတ်မွေး ဗရပျစ်၊ မည်းညစ်သည့် စီဝရံ၊ တာတေလန် အကျင့်ဆိုး" ဟု စပ်ဆိုခြင်းခံရသော ပုဂံမှ အရည်းကြီးတို့၏ မူလအစမှာ ဟိန္ဒူပြဟ္မာဇာ ဂေါဒ်ရှင်ရသေ့၏အယူဝါဒနှင့် သုပရန္တတိုင်း မဟာပုဏ္ဏတို့၏ ဗုဒ္ဓဘာသာတို့ ရောယှက်၍ သင်္ကန်းနက်ဝတ် ရဟန်းတို့ ပင်းမြို့ ငှက်ရဲကန် ရွာကျောင်းမှ စတင်ပျံ့နှံ့၍ မှန်ပင်၊ ငါးသယောက်၊ သမထီးအရပ်တို့ ထင်ရှားခဲ့သည်။

အင်းဝမြောက်ဘက်တစ်လွှားတွင် မုဆိုးခြုံရွာသား ဦးအောင်ဇေယျ အုပ်ချုပ်နေချိန်တွင် ပင်းမြို့ကို ပင်းမင်းကြီး ဦးမြတ်အုပ်ချုပ်ခဲ့သည်။ ဦးမြတ်၏ဆရာတော် ပွဲကျောင်းဘုန်းတော်ကြီး



ခင်ကြီးထွေး၏ ရှေးခေတ် လောကီပညာတက္ကသိုလ်ဖြစ်သော ပွဲကျောင်းဘုန်းတော်ကြီးကျောင်းလည်း ပင်းမြို့ မဲဒီးရွာတောင်ဘက်တွင် ရှိခဲ့သည်။

ရှေးခေတ်အဆက်ဆက် မြန်မာသူရဲကောင်းများ ပေါ်ထွက်ခဲ့ပြီး နယ်ချဲ့ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်တို့တွင်လည်း များစွာသော တော်လှန်ရေးသူရဲကောင်းများနှင့် ဗိုလ်လရောင်၊ ဗိုလ်ချုပ်အောင်ဆန်းတို့ကဲ့သို့ အာဇာနည်သူရဲကောင်းများ ပေါ်ထွန်းခဲ့ရာ ဤဒေသရှိ ပင်းမြို့ဟောင်းတွင် မြို့ဟောင်းနေရာ၊ နန်းတော်ဟောင်းနေရာ၊ အောင်သပြေညီနောင်၊ ရှင်အရဟံ ဗောဓိရွှေညောင်ပင်၊ ရှင်အရဟံသိမ် အစရှိသော လေ့လာစရာ၊ သံဝေဂယူစရာ၊ ကုသိုလ်ပွားများစရာ စေတီပုထိုးများနှင့်အတူ အတိတေမှစ၍ ပင်းမြို့သား ပင်းမြို့သူတို့သည် ရှေးမူမပျက် လျှပ်စစ်မီးမရှိ၊ ကြာကန်ရေသောက်သုံးလျက် မွေ့လျော်နေထိုင်ကြသည်ကို လာရောက်လေ့လာ လည်ပတ်နိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။ **(ကိုကိုနေ၊ နိုင်လင်းကြည်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဓာတ်ကြိုးများ လဲလှယ်

**သုံးခွ အောက်တိုဘာ ၁၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ဆန်း၏ စီမံမှု၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သီဟတို့၏ ကြီးကြပ်မှုဖြင့် လိုင်းဝန်ထမ်းများက ဓာတ်အားလိုင်းများကြံ့ခိုင်ရေး၊ ဗို့အားပြည့်မီစွာ သုံးစွဲနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ စဉ်ဆက်မပြတ်လျှပ်စစ်မီးရရှိရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးတို့ကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် သုံးခွမြို့ အမှတ်(၃)ရပ်ကွက် ကြိုက်ဟုန်းလမ်းတွင် ဗို့ ၄၀၀ ဓာတ်အားလိုင်း ပေ ၁၂၀၀ ကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် HDBC No 4 ဖြင့် အစားထိုး လဲလှယ်ပေးခဲ့ကြောင်း သိရသည်။ **(၀၂၀)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၂၃၀ ကေဗွီ လှော်ကားပင်မဓာတ်အားခွဲရုံတွင် တည်ဆောက်ပြီးစီးသော 33 KV Switch Bay အား ဓာတ်အားပို့လွှတ်နိုင်ရန်နှင့် 33 KV Main Bus -A တွင် Bus Dropper ကြိုးများ တပ်ဆင်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၉ ရက် ၀၀း၀၀ နာရီမှ ၀၁း၀၀ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများ ဆောင်ရွက်ရမည် ဖြစ်သည်။ ယင်းလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် အောက်တိုဘာ ၁၉ ရက် ၀၀း၀၀ နာရီမှ ၀၁း၀၀ နာရီအထိ တစ်နာရီကြာ မရမ်းကုန်း၊ လှိုင်၊ မြောက်ဥက္ကလာပ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ ရွှေပေါက်ကံ၊ ရွှေပြည်သာ၊ လှိုင်သာယာမြို့နယ်များတွင် ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါ၍ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

# တရားဥပဒေဘောင်အတွင်းက ရပ်တည်ဆောင်ရွက်ပေးမည်

*တွေ့ဆုံမေးမြန်း*
*အောင်နိုင်(သတင်းစဉ်)*

လတ်တလောကာလတွင် ထိုင်းနိုင်ငံ ကော့တောင်(လိပ်ကျွန်း)၌ ဗြိတိန်နိုင်ငံသားနှစ်ဦးအား သတ်ဖြတ်ခဲ့သည်ဟူသော သံသယဖြင့် ဖမ်းဆီးထိန်းသိမ်းစစ်ဆေးမေးမြန်းခြင်းကို ခံနေရသည့် မြန်မာနိုင်ငံသားနှစ်ဦး၏ အမှုကြောင်းရာကိစ္စအပေါ် မြန်မာတစ်နိုင်ငံလုံးသာမက နိုင်ငံတကာကပါ စိတ်ဝင်တစားစောင့်ကြည့်နေကြသည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါမှုခင်းတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲခြင်းခံထားရသည့် မြန်မာနိုင်ငံသားနှစ်ဦး မျှတသည့် တရားဥပဒေ အဆုံးအဖြတ်ကို ရရှိခံစားနိုင်စေရန်အတွက် နိုင်ငံတော်အစိုးရနှင့်တကွ မြန်မာနိုင်ငံသားအားလုံးက အလိုရှိနေသကဲ့သို့ လိုအပ်သည့် ပံ့ပိုးကူညီမှုများ ထောက်ပံ့မှုများလည်း ရှိနေခဲ့ကြောင်း သိရပါသည်။

ထို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦးထံ သွားရောက်တွေ့ဆုံကာ သိရှိလိုသည့်ကိစ္စရပ်များအား မေးမြန်းဖြစ်ခဲ့ပါသည်။



ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦး။

**မေး။ ။ထိုင်းနိုင်ငံ၊ စူရတ်ဌာနီခရိုင် (Koh Tao) လိပ်ကျွန်းမှာ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ဖမ်းဆီးစစ်ဆေးခြင်းကို ခံနေရတဲ့ မြန်မာနိုင်ငံသားနှစ်ဦး ကိစ္စအပေါ် မြန်မာသံရုံးအနေနဲ့ ဘယ်လို ဆောင်ရွက်ပေးနေပါသလဲ ခင်ဗျာ။**

ဖြေ။ ။ဗြိတိန်နိုင်ငံသားနှစ်ဦးကို မြန်မာနိုင်ငံသားနှစ်ဦးက သတ်တယ်လို့ စွပ်စွဲခံရတာကို သိတာနဲ့ ဗန်ကောက်မြို့မှာရှိတဲ့ မြန်မာသံရုံးက သံအမတ်ကြီးအနေနဲ့ ကူညီဆောင်ရွက်ပေးမယ့် အဖွဲ့တစ်ဖွဲ့ကို ချက်ချင်းဖွဲ့စည်းခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ သံရုံးက ဒုတိယအတွင်းဝန် ဦးထွန်းအေး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးက လက်ထောက် စစ်သံရုံး ဗိုလ်မှူးသန်းထွန်းအောင်၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အကျိုးကာကွယ်စောင့်ရှောက်ရေးအဖွဲ့က ဦးမောင်မောင်ထွေး(ခေါ်) ဦးကျော်သောင်း၊ ဥပဒေအကြံပေး ဦးအောင်မျိုးသန့်၊ ပညာရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းအဖွဲ့က ဦးမင်းဦး၊ ဦးမိုးဝေ၊ ဦးအောင်ခန့်နဲ့ ထိုင်းလူမျိုးရှေ့နေ Ms.Supunsa Marem တို့ကို စုဖွဲ့စေလွှတ်ခဲ့ပါတယ်။

**မေး။ ။ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးအနေနဲ့ ဒီအရေးကိစ္စမှာ ဘယ်လောက်အတွင်းကျကျ လိုက်လံကူညီပေးနေပါသလဲ။ ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းပြပါခင်ဗျာ။**

ဖြေ။ ။မြန်မာသံရုံးက ဖွဲ့စည်းပေးခဲ့တဲ့ အဖွဲ့ဟာ ၅-၁၀-၂၀၁၄ ရက် နံနက်ပိုင်းက စူရတ်ဌာနီခရိုင်ကို လေယာဉ်နဲ့ထွက်ခွာပြီး ဖမ်းဆီးထားတဲ့ မြန်မာနိုင်ငံသား နှစ်ဦးရှိနေတဲ့ ကော့စမွီကျွန်းအကျဉ်းထောင်ကို သင်္ဘောနဲ့ ဆက်လက်သွားရောက်ခဲ့ပါတယ်။ ၆-၁၀-၂၀၁၄ ရက်မှာ ထိုင်းအကျဉ်းထောင် အာဏာပိုင်များရဲ့ ခွင့်ပြုချက်ရယူပြီး နံနက် ၁၀နာရီ ၄၅ မိနစ်ကနေ မွန်းတည့်၁၂ နာရီအထိ ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ မြန်မာနိုင်ငံသား ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့ကို တွေ့ဆုံအားပေးခဲ့ပါတယ်။ အဖွဲ့အနေနဲ့ သူတို့နှစ်ဦးကို ထိုင်းအစိုးရက လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှုတို့နဲ့ တရားစွဲဆိုထားကြောင်း၊ ဥပဒေဘောင်အတွင်းက အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ဖို့ နိုင်ငံတော်အစိုးရက စေလွှတ်တဲ့အဖွဲ့ဖြစ်ကြောင်း၊ တစ်စုံတစ်ရာ စိုးရိမ်ပူပန်ကြောက်ရွံ့ရန်မလိုကြောင်း၊ ယခုကိစ္စအတွက် မြန်မာနိုင်ငံသားများက ကျူးလွန်သည်ဆိုခြင်းကို ယုံကြည်မှုမရှိကြောင်း၊ မဖြစ်နိုင်သည့် ကိစ္စအဖြစ် မြန်မာနိုင်ငံသားများဘက်မှ အခိုင်အမာရပ်တည်လျက်ရှိကြောင်း၊ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သည်ဖြစ်စေ၊ မကျူးလွန်သည်ဖြစ်စေ နိုင်ငံတော်အစိုးရအနေနဲ့ တရားဥပဒေဘောင်အတွင်းက ရပ်တည်ဆောင်ရွက်ပေးသွားမယ်ဆိုတာကို ပြောကြားခဲ့ပါတယ်။

**မေး။ ။သံသယမှုနဲ့ ဖမ်းဆီးခံထားရတဲ့ မြန်မာနိုင်ငံသားနှစ်ဦးဟာ ဘယ်သူတွေပါလဲခင်ဗျာ။**

ဖြေ။ ။ဖမ်းဆီးခံထားရတဲ့ မြန်မာနိုင်ငံသားနှစ်ဦးကတော့ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မိကျောင်းရဲ ကျေးရွာမှာနေထိုင်တဲ့ ဇော်လင်း(၂၁) နှစ် (ဘ)ဦးမြအောင်-(မိ)ဒေါ်ဖြူချေနုနဲ့ ကျောက်ဖြူမြို့နယ် ကာပိချောင်း ကျေးရွာမှာနေ ထိုင်တဲ့ ဝင်းဇော်ထွန်း (ခ)ဝေဖြိုး(၂၁)နှစ် (ဘ)ဦးထွန်းထွန်းထိုက်-(မိ) ဒေါ်ငွေသိန်းတို့ ဖြစ်ပြီးတော့ ဇော်လင်းမှာ ကော့စမွီရှိ Brother Restaurant မှာ အလုပ်လုပ်ပြီး ဝင်းဇော်ထွန်းကတော့ Safety Shop Food Pup မှာ အလုပ်လုပ်ကိုင်နေကြောင်း သိရပါတယ်။

**မေး။ ။ဗန်ကောက်မြို့မှာရှိတဲ့ မြန်မာသံရုံးနဲ့ ဗြိတိန်သံရုံးတို့အနေနဲ့ ဘယ်လို ဆက်သွယ်ဆောင်ရွက်မှုများရှိနေပါသလဲ ခင်ဗျာ။**

ဖြေ။ ။ဗန်ကောက်မြို့မှာရှိတဲ့ မြန်မာသံရုံးနဲ့ ဗြိတိန်သံရုံးတို့အနေနဲ့လည်း နှစ်ဖက်ဆောင်ရွက်လျက် ရှိနေပါတယ်။ အောက်တိုဘာ ၁၀ ရက်က ဗြိတိန်သံရုံး ဒုတိယအကြီးအကဲက မြန်မာသံရုံး သံရုံးယာယီတာဝန်ခံ သံမှူးကို လာရောက်တွေ့ဆုံခဲ့ပါတယ်။ ဒီလိုတွေ့ဆုံစဉ်မှာ ဗြိတိန်သံရုံး ဒုတိယအကြီးအကဲက ဒီအမှုကို စစ်ဆေးတဲ့အခါမှာ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုရှိဖို့နဲ့ အများပြည်သူများရဲ့ ယုံကြည်မှုရှိစေဖို့ ဆောင်ရွက်ပေးဖို့ ထိုင်းအစိုးရကိုတောင်းဆိုထားကြောင်း၊ ထိုင်းအာဏာပိုင်များထံက တရားဝင်သတင်းအချက်အလက်များ ပို့ပေးဖို့တောင်းဆိုထားပြီး ရရှိပါက မြန်မာသံရုံးသို့လည်း ပေးပို့သွားမည် ဖြစ်ပါကြောင်း၊ မှုခင်းနဲ့ပတ်သက်ပြီး စစ်ဆေးဆောင်ရွက်ချက်များ ပြုလုပ်ရာမှာ ဗြိတိန်နိုင်ငံဘက်က ကျွမ်းကျင်ပညာရှင်များစေလွှတ်ပြီး ထိုင်းနိုင်ငံဘက်နှင့် ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းခဲ့ပေမယ့် ထိုင်းနိုင်ငံဘက်က အကြောင်းပြန်ကြားချက် မရရှိသေးပါကြောင်း၊ အမှုမှန်ပေါ်ပေါက်ရေးအတွက် ဗြိတိန်နိုင်ငံဘက်က ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိပါကြောင်း ပြောကြားခဲ့ပါတယ်။ မြန်မာသံရုံးဘက်ကလည်း ထိုင်းအာဏာပိုင်များထံက တရားဝင်သတင်းအချက်အလက်များ မရရှိသေးပါကြောင်း၊ အမှုမှန်ပေါ်ပေါက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှာ အလွန်အရေးကြီးပါကြောင်း၊ ရရှိလာသော သတင်းအချက်အလက်များကို အပြန်အလှန်ဖလှယ်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကလည်း ထိုင်းနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံအမတ်ကြီး၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းမှာ ၎င်းရဲ့ နေအိမ်သို့ သွားရောက်ပြီး ဒီဖြစ်စဉ်အပေါ် နှစ်နိုင်ငံပူးပေါင်းပြီး အမှုမှန်ပေါ်ပေါက်ရေးအတွက် ရရှိသည့် အချက်အလက်များအား အပြန်အလှန်ဖလှယ်သွားရေး၊ တရားစီရင်မှုတွင် လွတ်လပ်မှန်ကန်စွာ စစ်ဆေးနိုင်ရေး၊ ထိုင်းရဲတပ်ဖွဲ့နှင့် ပူးတွဲကြေညာချက် ထုတ်ပြန်သွားရေးတို့ကို ဆောင်ရွက်ရန်အတွက် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

**မေး။ ။မြန်မာအစိုးရအနေနဲ့ ထိုင်းအာဏာပိုင်တွေနဲ့အတူ ဘယ်လို ပူးပေါင်း ဆောင်ရွက်နေပါသလဲ ခင်ဗျာ။**

ဖြေ။ ။ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်စဉ် ကျွန်တော်တို့ရဲ့ နိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဒီလိုတွေ့ဆုံစဉ်မှာ ဝန်ကြီးအနေနဲ့ မြန်မာနိုင်ငံသားနှစ်ဦးစွပ်စွဲခံထားရမှုနဲ့ပတ်သက်ပြီး အဖြစ်မှန်အတိုင်း မှန်မှန်ကန်ကန်ဖြစ်စေရေး၊ မျှမျှတတဖြစ်စေရေးကို အလေးပေး ဆောင်ရွက်ရန် ပြောကြားခဲ့တဲ့အတွက် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်ကလည်း ၎င်းတို့အနေနဲ့ မှန်မှန်ကန်ကန်နဲ့ မျှမျှတတဖြစ်ရေးအလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားသွားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့မှ ထိုင်းနိုင်ငံ အမျိုးသားဥပဒေပြုညီလာခံ ဥက္ကဋ္ဌထံသို့ သံသယမှုနဲ့ ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ မြန်မာလူငယ်များအနေနဲ့ တရားဥပဒေရဲ့ ရှေ့မှောက်မှာ မျှတတဲ့လူသားအခွင့်အရေးရရှိရေးအတွက် သဝဏ်လွှာများပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

**မေး။ ။ထပ်မံဖြည့်စွက်ပြီးပြောကြားလိုသည်များရှိရင်လည်း ပြောပေးပါခင်ဗျာ။**

ဖြေ။ ။ထပ်မံဖြည့်စွက်ပြောကြားလိုတာကတော့ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီဝန်းကျင်မှာ ဗန်ကောက်မြို့မှာရှိတဲ့ ဗြိတိန်သံရုံး၊ မြန်မာသံရုံး၊ ထိုင်းရဲတပ်ဖွဲ့တို့ဟာ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှာ အစည်းအဝေးပြုလုပ်ရှင်းလင်းခဲ့ပါတယ်။ ဒီအစည်းအဝေးမှာတော့ မြန်မာသံရုံးဘက်ကရော၊ ဗြိတိန်သံရုံးဘက်ကရော ဖြစ်စဉ်နဲ့ပတ်သက်ပြီး မရှင်းလင်းတဲ့အချက်တွေ သိလိုတဲ့အချက်တွေကို မေးခွင့်ရခဲ့ပါတယ်။

❑❑



မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် သံဖြူဇရပ်မြို့နယ်မှ မွန်ရိုးရာ အဆိုနှင့် အကအဖွဲ့ဝင်များ ဝတ်စုံပြည့် အစမ်းသရုပ်ပြတင်ဆက်မှုကို အောက်တိုဘာ ၁၄ ရက်က တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



## ရွှေကျောင်းတော်ကြီးတွင် အမှတ်တရဓာတ်ပုံရိုက်ကြသည့် မင်္ဂလာမောင်နှံတို့ကို ခရီးသွားဧည့်သည်များ နှစ်ခြိုက်သဘောတွေ့

**မန္တလေး အောက်တိုဘာ ၁၅**

ယခုစက်တင်ဘာလမှစတင်၍ မြန်မာပြည်အနှံ့ခရီးသွားဧည့်သည်များ ဝင်ရောက်မှုများပြားလာပြီဖြစ်သည်။ မန္တလေးမြို့သို့ရောက်ရှိလာသော နိုင်ငံတကာ ခရီးသွားဧည့်သည်များသည် မြန်မာမှုဗိသုကာလက်ရာမြောက် ရွှေကျောင်းတော်ကြီးကို လေ့လာလေ့ရှိကြသည်။ ရွှေကျောင်းကြီးဟု လူသိများသော ရွှေနန်းတော်ကျောင်းသည် ကုန်းဘောင်ခေတ် ၁၉ ရာစု မြန်မာမှုဗိသုကာလက်ရာမြောက်ကျောင်းဖြစ်သည်။ နန်းတော်အဆောင်ကို ပြောင်းရွှေ့ဆောက်လုပ်လှူဒါန်းခဲ့၍ ရွှေနန်းတော်ကျောင်းဟုလည်းကောင်း၊ မူလက ဘုရင်စံမြန်းရာနန်းတော်ဆောင်ဖြစ်ခဲ့ပြီး ကျောင်းတော်ကြီး၏ အတွင်းအပြင် တစ်ခုလုံးကို ရွှေပိန်းချရွှေရောင်တဝင်းဝင်းတောက်ပလျက်ရှိသောကြောင့်လည်းကောင်း ရွှေကျောင်းတော်ဟု ခေါ်ကြောင်းသိရသည်။

ရွှေနန်းတော်ကျောင်းကြီးမှာ အမိုးသုံးဆင့်လယ်ပေါ်နှစ်ထပ်၊ စမြင်ပါသော ဇေတဝန်ဆောင်ဖြစ်သည်။ ရွှေနန်းတော်ကျောင်းကြီးတစ်ခုလုံးတွင် မြန်မာမှုသစ်သားပန်းပုအခြေခံ ခြူးပန်းခြူးနွယ် အပြောက်အမွှမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံရံကပ်ရုပ်ကြွများနှင့် အတွင်းမာရဘင်အရှေ့ပိုင်းကွန်းစင်တိုင်ခြေတွင် ဇာတ်ကြီးဆယ်ဘွဲ့၊ တောထွက်ခန်း၊ မဟာဗုဒ္ဓဇာတ်၊ ဥတေနဇာတ်တော်များကို စိတ်ဝင်စားဖွယ်လက်ရာမြောက်စွာ အနုစိတ်ထုလုပ်တပ်ဆင်ထားသည့် ရွှေကျောင်းတော်ကြီး၏ အနုပညာလက်ရာများကို နိုင်ငံတကာခရီးသွားဧည့်သည်များ စိတ်ဝင်စားစွာ မှတ်တမ်းယူလေ့ရှိသည်။

ယခုသီတင်းကျွတ်လပြည့်ကျော်မှစ၍ မြန်မာတို့၏ဓလေ့ထုံးတမ်းစဉ်လာအတိုင်း မင်္ဂလာပွဲများ၊ မင်္ဂလာဆွမ်းကျွေးပွဲများကို ကျင်းပလျက်ရှိသည်။ အချို့မင်္ဂလာဆွမ်းကျွေးပွဲများပြုလုပ်ပြီးသောအခါ သတို့သား၊ သတို့သမီးတို့သည် ရွှေကျောင်းတော်ကြီးတွင် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်လေ့ရှိသည်။ နိုင်ငံတကာခရီးသွားဧည့်သည်များသည် မြန်မာမှုအနုလက်ရာမြောက် ရွှေကျောင်းတော်ကြီးတွင် မြန်မာဆန်ဆန်ဝတ်ဆင်ထားသော သတို့သားသတို့သမီးစုံတွဲ ဘုရားသွားကျောင်းတက်မြင်ကွင်းကို တွေ့ရသမျှ အထူးအဆန်းဖြစ်ကာ စိတ်ဝင်တစားမှတ်တမ်းယူခြင်း၊ အမှတ်တရတွဲကာ ဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်လေ့ရှိသည်။ ထိုအလှမြင်ကွင်းများမှာ နိုင်ငံခြားသားများနှင့် ကြုံကြိုက်ခဲသောမြင်ကွင်းဖြစ်၍ မြန်မာတို့၏ယဉ်ကျေးမှုဝတ်စုံကိုအထူးနှစ်ခြိုက်စိတ်ဝင်တစား မှတ်တမ်းယူမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(တိမ်တမန်)**



## လောက်ကိုင်မြို့နယ်တွင် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော်      အောက်တိုဘာ ၁၅**

ကွမ်းလုံ မူးယစ်တပ်ဖွဲ့စု (၂၁)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၃ ရက်က လောက်ကိုင်မြို့နယ် ရန်လုံကျိုင်းကျေးရွာအဝင် မုခ်ဦးအနီး လမ်းမပေါ်တွင် လောက်ကိုင်မှ လမ်းလျှောက်လာသူ ဝမ်ဖုန်လျှံအား ရှာဖွေရာ ဧင်းလွယ်ထားသောလွယ်အိတ်အတွင်းမှ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ယင်း ကျည် ၄၂ တောင့်ပါ စက္ကူဘူး တစ်ဘူး၊ တရုတ်မှတ်ပုံတင်တစ်ခုနှင့် တရုတ်လက်ကိုင်ဖုန်း နှစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ လက်နက်ခဲယမ်းများ ရောင်းချပေးသူ လောက်ကိုင်မြို့နေ တာ့ယုံ(ခ)လီရှောင်တီးအား ဖုန်းဖြင့် ဆက်သွယ်စေပြီး စောင့်ဆိုင်းဖမ်းဆီးခဲ့ရာ လောက်ကိုင်မြို့ ဘုံခုနစ်ဆင့်အနီး၌ ဖမ်းဆီးရမိသဖြင့် ဝမ်ဖုန်လျှံ (၃၇)နှစ် (တရုတ်နိုင်ငံသား)နှင့် တာ့ယုံ(ခ)လီရှောင်တီး (၂၀)နှစ်တို့ နှစ်ဦးအား ရန်လုံကျိုင်းနယ်မြေရဲစခန်းတွင် ရှမ်းလက်နက်ဥပဒေပုဒ်မ ၁၂(က) အရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဝမ်ဖုန်လျှံနှင့် တာ့ယုံ(ခ)လီရှောင်တီးတို့နှစ်ဦးအား သိမ်းဆည်းရမိ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။**

## မန္တလေးမြို့တွင် နိုင်ငံတကာမျက်မမြင်များလမ်းလျှောက်တုတ်နေ့ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးမြို့တွင် အောက်တိုဘာ ၁၅ ရက်က ကျရောက်သည့် နိုင်ငံတကာမျက်မမြင်များလမ်းလျှောက်တုတ်နေ့ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရွှေမင်းသားဖောင်ဒေးရှင်း၊ အထက်မြန်မာပြည်မျက်မမြင်ကျောင်းများနှင့် အဖွဲ့အစည်းများပူးပေါင်း၍ ကျင်းပခဲ့ပြီး အဆိုပါ ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းက သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးခဲ့သည်။



မန္တလေးမြို့တွင် နိုင်ငံတကာမျက်မမြင်များ လမ်းလျှောက်တုတ်နေ့ ကျင်းပရခြင်းသည် မသန်စွမ်းသူများ၏ အရေးကိစ္စများကို အများပြည်သူများ ပိုမိုစိတ်ဝင်စားစွာ သိရှိစေရန်၊ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်နှင့် လုပ်ကိုင်နိုင်မှုများကို အများပြည်သူ သိရှိနားလည်စေရန်၊ မသန်စွမ်းသူများသည် အများပြည်သူနှင့် ထိတွေ့ဆက်ဆံမှု ပိုမိုရရှိကာ စိတ်ဓာတ်ခွန်အားများ ယခင်ကထက် မြင့်တက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာမျက်မမြင်များ လမ်းလျှောက်တုတ်နေ့ အခမ်းအနားကို ရန်ကုန်မြို့တွင် ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး အထက်မြန်မာပြည် မန္တလေးမြို့တွင် ၂၀၁၁ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုအခါ စတုတ္ထအကြိမ်မြောက် ရောက်ရှိခဲ့ပြီဖြစ်သည်။ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ မုံရွာ၊ ရမည်းသင်းနှင့် ပခုက္ကူမြို့တို့ရှိ မျက်မမြင် ပရဟိတကျောင်းများမှ မျက်မမြင် ၃၂၀ နှင့် ပြည်သူ ၁၈၆ ဦးသည် နံနက် ၆ နာရီခွဲတွင် မန္တလေးဈေးချိုနာရီစင်ရှေ့မှ စတင်လမ်းလျှောက်ခဲ့ကြပြီး ၂၆ (ဘီ) လမ်းအတိုင်း မန္တလေးမြို့တော်ခန်းမအထိ တုတ်ဖြူများကိုင်ကာ လုပ်အားပေးသူများ၏အကူအညီဖြင့် ပျော်ရွှင်ဝမ်းမြောက်စွာ လမ်းလျှောက်ခဲ့ကြသည်။ ပြိုင်ပွဲဝင်ရာ လမ်းတစ်လျှောက်တွင် ပရဟိတအဖွဲ့များက ရေသန့်ဘူးများ၊ မုန့်များပေး၍ လည်းကောင်း၊ လဲကျသူများကို ကူညီထူမပေး၍ လည်းကောင်း အကူအညီများပေး၍အားပေးခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## လှိုင်ကော်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ သိမ်းဆည်းရမိ

**နေပြည်တော်      အောက်တိုဘာ ၁၅**

မူးယစ်တပ်ဖွဲ့စု (၂၀) လှိုင်ကော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၂ ရက်က လှိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု စိုက်ကွင်း(၃)ကျေးရွာနေ မလွီးဇာ၏နေအိမ်အား သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၁၂ ရက်က လားရှိုးမြို့ ရပ်ကွက်(၈) နယ်မြေ(၁၂) သိန်းနီလမ်းမပေါ်တွင် အောင်လီ မောင်းနှင်ပြီး တူးအောင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ အောင်လီထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ နှင့် ဘိန်းဖြူမှုန့် သုည ဒသမ ၃ ဂရမ် သိမ်းဆည်းရမိသဖြင့် အောင်လီနှင့် တူးအောင်တို့အား အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



# ရဟန်းမစားရသော ဆွမ်းတစ်နပ်နှင့် . . .

*(၁၃-၁၀-၂၀၁၄ နေ့မှ အဆက်)*

ဒါရိုက်တာ မောင်နှင်းမိုး၏ ငယ်နာမည်မှာ မောင်တင်ကြီး၊ အဖဦးဝမ်လှိုင်၊ အမိဒေါ်ဖွားရှိန်တို့က ၆-၁-၁၉၄၀ ရက် (စနေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းသုံးခွမြို့၌ မွေးဖွားခဲ့သည်။ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ယူခဲ့ပြီး ၁၉၆၁-၁၉၆၂ ခုနှစ်တွင် ကျောင်းမှထွက်သော် "စန်းသော်တာ"ရုပ်ရှင်တွင် ဇာတ်ကားထုတ်လုပ်ရေးတာဝန်ခံအဖြစ် လုပ်ကိုင်နေစဉ် ဆရာကြီးဦးသုခနှင့် ဆုံတွေ့ခဲ့သည်။

ဆရာကြီး၏ "ချစ်တော့ချစ်တယ်"၊ "သူ"၊ "မိုးလုံးပတ်လည်" ဇာတ်ကားများရိုက်ကူးရာတွင် ကလက်ရိုက်၊ ဇာတ်လမ်းမှတ်တမ်းတင်၊ ဖလင်တည်းဖြတ် စသည်ဖြင့် လုပ်ကိုင်ပေးရင်း ဆရာကြီးနှင့် တစ်စတစ်စ ပိုမိုရင်းနှီးမှုရလာခဲ့သည်။ ထိုမှတစ်ဆင့် အပြန်အလှန် သံယောဇဉ်ဖြစ်ကြရာမှ တပည့်အရင်းအဖြစ်သို့ရောက်ခဲ့ပြီး ဆရာကြီးထံမှ တန်ဖိုးမဖြတ်နိုင်သည့် ရုပ်ရှင်ပညာရပ်များကို လေ့လာသင်ယူခွင့်ရလေသည်။

၁၉၆၃ ခုနှစ်တွင် ဒါရိုက်တာ မောင်သော်တာအမည်ဖြင့် "စန်းသော်တာ" ရုပ်ရှင်မှ ထုတ်လုပ်သည့် "အိမ်နီကြီး"၊ "အနိုင်ယူမယ်"၊ "သည်တစ်ပွဲ"၊ "ကြယ်ကြွေသောည"၊ "ညဉ့်ငှက်"၊ "ချစ်လည်းခက်ခက် မုန်းလည်းခက်ခက်" ဇာတ်ကားများ ရိုက်ကူးခဲ့သည်။ ထို့နောက် "အောင်တေဇ" ရုပ်ရှင်ကုမ္ပဏီကို ထူထောင်ကာ ဒါရိုက်တာမောင်နှင်းမိုးအမည်ကို ခံယူ၍ ဆရာကြီးဦးသုခနှင့် တွဲဖက်ပြီး တွဲဖက်ဒါရိုက်တာအဖြစ် "မိုက်တယ်ဆိုတာလွယ်ပါတယ်"၊ "တစ်ဦးကစေတနာ၊ တစ်ဦးကမေတ္တာ" ဇာတ်ကားများကိုလည်းကောင်း၊ ကိုယ်တိုင်ဒါရိုက်တာအဖြစ် "ကိုယ့်အသည်းလေး"၊ "မယ်သီတာလိုမိန်းမ"၊ "သူလိုယောက်ျား" ဇာတ်ကားများကိုလည်းကောင်း ရိုက်ကူးခဲ့သည်။

ရုပ်ရှင်အတွေ့အကြုံ ရင့်ကျက်လာသည်နှင့်အညီ ဆရာကြီး၏ပညာ၊ သမ္မာနှင့် အရှိန်အဝါများ ပေါင်းစပ်၍ အားတက်ကာ ဆရာကြီးနှင့် တွဲဖက်ပြီး တွဲဖက်ဒါရိုက်တာအဖြစ် မင်းသူရိန်ရုပ်ရှင်မှ ထုတ်လုပ်သည့် "ရွှေချည်ငွေချည်တန်းပါလို့"၊ သုခရုပ်ရှင်မှ ထုတ်လုပ်သည့် "ချစ်စရာမို့ချစ်ပါသည်"၊ "ချစ်အမျှ"၊ စံပြရုပ်ရှင်မှ ထုတ်လုပ်သည့် "ရွှေတံခါးကြီးဖွင့်ပါဦး"၊ "အကာကအချစ် အနှစ်ကမေတ္တာ"၊ မိုးမြင့်သော်တာရုပ်ရှင်မှ "စိတ်စေတသိက်"၊ နယူးဘားမား ရုပ်ရှင်မှ "ရွှေအကြောင်းဖယောင်းသက်သေတည်"ဇာတ်ကားကြီးများကို ရိုက်ကူးခဲ့သည်။

ထို့အပြင် "အခါးကြိုက်တဲ့ပျားမိုက်"၊ "နှလုံးသားချင်းတော့ သိနားလည်"၊ "နေဝင်စားတဲ့လ"၊ "ရွှေမြင်းမိုရ်ပြိုမှာစိုးတယ်" ဗီဒီယိုဇာတ်ကားများကိုလည်း ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည်။ ပြည်သူ့အကျိုးပြုအနေဖြင့် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် ဇာတ်လမ်းပေါင်းများစွာကိုလည်း ရိုက်ကူးပေးခဲ့ရာ ကျန်းမာရေးဦးစီးဌာနအတွက် "ချစ်တယ်ဆို"၊ "နိဂုံးမဟုတ်သောနိဂုံး"၊ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သော "သပြေပန်းနှင့်လက်ကမ်းကြို"၊ "ရင်နှစ်သည်းချာ"၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် "ညို့မျက်ဝန်းထဲက ပစ်မှတ်"၊ အမျိုးသမီးရေးရာအတွက် "ရွှေပေးလို့မရ"၊ "အမေ့အိမ် အမေ့အရိပ်"၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက်"အပြုံးမျက်နှာများ"၊ ဘာသာသာသနာအကျိုးအတွက် ဆရာကြီးဦးသုခနှင့် တွဲဖက်ပြီးတွဲဖက်ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည့် "ရဟန်းစားရသော ဆွမ်းတစ်နပ်"၊ "ရဟန်းမစားရသောဆွမ်းတစ်နပ်"(သီလဝိသုဒ္ဓိ)၊ တစ်ပါးသီလ၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးအတွက် "အမြတ်ဆုံးဒါန" အပိုင်း(၁)မှ အပိုင်း(၆)၊



တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

ဆရာကြီးဦးသုခကြီးကြပ်ပြီး ဒါရိုက်တာအဖြစ် တင်ဆက်ခဲ့သည့် "ရွှေတိဂုံသမိုင်း" ပြဇာတ်ကြီး၊ စွယ်တော်မြတ်စေတီ နိဗ္ဗာန်ဆော်အတွက် "ဖူးမြော်ရန်ရည်မျှော် မြတ်စွယ်တော်"၊ ကျိုက်ခေါက်စေတီနိဗ္ဗာန်ဆော်အတွက် "သမိုင်းဝင်ကျိုက်ခေါက်စေတီတော်"၊ ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံတကာပြန့်ပွားရေးအတွက် "ဗုဒ္ဓဘာသာနှင့် ပြည်မြန်မာ"၊ ကုသိုလ် အကုသိုလ်အကျိုးအပြစ်အတွက် "ကံ ကံ၏အကျိုး"၊ ရုပ်မြင်သံကြားဇာတ်လမ်းများ၊ ဆရာကြီးဦးသုခ၏ ဝတ္ထုတိုများကို ရိုက်ကူးပုံဖော်ထားသည့် "လင်နှင့်မယား"၊ "အဖေနှင့်သား"၊ "ဟုတ်ကဲ့အကိုကြီး"၊ "အရိပ်အကဲ"၊ "သားယောက္ခထီး"၊ ရုပ်မြင်သံကြားဇာတ်လမ်းများ၊ မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များကို ပုံဖော်ထားသည့် "မြန်မာ့နှစ်ဦးလတန်ခူး"၊ (ကျန်ရှိသောလများအတွက်လည်း ဆက်လက်ရိုက်ကူးတင်ဆက်ရန် စီစဉ်လျက်ရှိသည်။) ယင်းရုပ်ရှင်အနုပညာ စွမ်းဆောင်ချက်များမှာ ဆရာကြီးဦးသုခထံမှ ရရှိခဲ့သည့် အမွေအနှစ်များဖြစ်ပါသည်။ ။

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ (၁၈-၁၀-၂၀၁၄) ရက်နေ့တွင် ရွှေပေါက်ကံ၊ ဒဂုံ(တောင်)၊ မြောက်ဥက္ကလာပ၊ ဒဂုံ(ဆိပ်ကမ်း)၊ ပုဇွန်တောင်၊ ဒဂုံ(အရှေ့)၊ ရန်ကင်း၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ တံတား၊ ကျောက်တန်း၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ ဆိပ်ကြီးခနောင်တို၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ ဒါးပိန်၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ထန်းတပင်၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့ နှင့် စက်မှုဇုန်အချို့တွင် (၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီအတွင်းလည်းကောင်း၊ (၁၂း၀၀)နာရီမှ (၁၄း၀၀)နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အား ပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။


(၁၉-၁၀-၂၀၁၄) ရက်နေ့တွင် ဒဂုံ(တောင်)၊ မြောက်ဥက္ကလာပ၊ ဒဂုံ(အရှေ့)၊ အလုံ၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ ဒဂုံ၊ လှိုင်၊ မရမ်းကုန်း၊ ကမာရွတ်၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ သန်လျင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မှော်ဘီ၊ ထောက်ကြန့်၊ တိုက်ကြီး၊ ဖောင်ကြီး၊ အဖျောက်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့ နှင့်စက်မှုဇုန်အချို့တွင် (၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီအတွင်းလည်းကောင်း၊ (၁၂း၀၀)နာရီမှ (၁၄း၀၀) နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အား ပြတ်တောက်မှုများ ရှိမည် ဖြစ်ပါသည်။

ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားဖြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**(ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)**


ဥတုရာသီ တောကိုမှီ၍
























***ပရီမီယာလိဂ်ပွဲစဉ်(၈)ကို အောက်တိုဘာ ၁၈၊ ၁၉၊ ၂၀ ရက်တွေမှာ ကစားမယ်။ အဲဒီမှာ မန်စီးတီးနဲ့စပါးဆုံတဲ့ပွဲပါဝင်လို့ စိတ်ဝင်စားဖို့ကောင်းနေသလို နှစ်ပွဲဆက်အနိုင်ပျောက်ခဲ့တဲ့ အာဆင်နယ်ကလည်း နိုင်ပွဲပြန်ရရေးအားစိုက်လာမှာဖြစ်တဲ့အတွက် စောင့်ကြည့်ချင်စရာကောင်းနေတယ်။***

# ပရီမီယာလိဂ်ရင်ခုန်သံ (၈)

ရှိုင်းမင်းမင်း

**မန်စီးတီး-စပါး** ည ၆း၁၅ (၁၈-၁၀-၁၄)

ပွဲကောင်းတစ်ပွဲပါ။ လက်ရှိခြေစွမ်းအရ မန်စီးတီးကပိုငြိမ်ပေမယ့် စပါးကလည်း အမှတ်မဆုံးရှုံးအောင် ခံကစားမှာ သေချာတယ်။ ဒီပွဲစဉ်မှာသတိပြုရမှာက မန်စီးတီးဟာ ချန်ပီယံလိဂ်မှာ မနိုင်လို့မရတော့ဘူး။ အဲဒါကြောင့် မန်စီးတီးအနေနဲ့ ချန်ပီယံလိဂ်မှာရလဒ်ကောင်းဖို့ ခြေချန်မယ်ဆိုရင် စပါးအခွင့်အရေးရမှာ သေချာတယ်။

**အာဆင်နယ်-ဟားလ်** ည ၈း၃၀ (၁၈-၁၀-၁၄)

အာဆင်နယ်နိုင်ပွဲပြန်ရှာဖို့ ကြိုးစားမှာသေချာပေမယ့် သတိပြုရမှာက အာဆင်နယ်မှာ ဒဏ်ရာပြဿနာများတယ်။ ပြီးတော့ ချန်ပီယံလိဂ်ကစားဖို့လည်းရှိလို့ ခြေကုန်ထုတ်ဖို့ ခက်တယ်။ ဟားလ်ကလည်း အမှတ်ရဖို့ခံကစားမှာဖြစ်လို့ အာဆင်နယ်အနိုင်ရရင်တောင် ပြတ်သားပါ့မလား ချင့်ချိန်ရမယ်။

**ဘန်လေ- ဝက်စ်ဟမ်း** ည ၈း၃၀ (၁၈-၁၀-၁၄)

ဘန်လေက နိုင်ပွဲမရှိသေးဘူး။ အထူးသဖြင့် ခုနစ်ပွဲကစားပြီးတဲ့ အချိန်မှာ သုံးဂိုးသာသွင်းနိုင်တဲ့တိုက်စစ်က အားနည်းလွန်းတယ်။ ခြေစွမ်းအရဆိုရင် ဘန်လေဟာ ဝက်စ်ဟမ်းကိုမမီဘူး။ ဒါပေမယ့် ဘန်လေရဲ့ အိမ်ကွင်းဖြစ်နေခြင်းနဲ့ ဝက်စ်ဟမ်းရဲ့အဝေးကွင်းခြေမငြိမ်တတ်မှုတွေကိုတော့ သတိပြုရမယ်။

**ပဲလေ့စ်-ချယ်လ်ဆီး** ည ၈း၃၀ (၁၈-၁၀-၁၄)

ပဲလေ့စ်ရဲ့ကစားအားကမဆိုးဘူးလို့ဆိုနိုင်တယ်။ နောက်ဆုံး ငါးပွဲမှာ အရှုံးတစ်ပွဲတည်းရှိတယ်။ ဒါပေမယ့် ခံစစ်ပိုင်းက တည်ငြိမ်မှုမရှိဘူး။ ဒါဟာ တိုက်စစ်ပိုင်းထက်မြက်တဲ့ ချယ်လ်ဆီးအတွက် အခွင့်အရေးပဲ။ ချယ်လ်ဆီးက ချန်ပီယံလိဂ်ရှိပေမယ့် ကစားပုံကောင်းမွန်နေတာကို မေ့လို့မရဘူး။

**အဲဗာတန်- ဗီလာ** ည ၈း၃၀ (၁၈-၁၀-၁၄)

ဒီရာသီမှာ အဲဗာတန်ရဲ့အားနည်းမှုက ပြိုင်ပွဲကြီးနှစ်ရပ်ကြားမှာ တည်ငြိမ်မှုမရှာနိုင်ခြင်းဘဲ။ ကစားသမားအင်အား မလုံလောက်လို့လည်း အခက်တွေ့ရတယ်။ ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ရှိတော့ ဗီလာကိုအသာရပါ့မလား။ လက်ရှိ ဗီလာရဲ့ခြေစွမ်းပိုင်းမဆိုးတာနဲ့ပါ ချင့်ချိန်တွက်ဆရမယ်။

**ဆက်လက်ဖော်ပြပါမည် »**

# မာတာနှင့် ဟာနန်ဒက်ဇ်အား ခေါ်ယူရန် ဂျူဗင်တပ်မျက်စိကျနေ



အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် မန်ယူကစားသမားနှစ်ဦးဖြစ်သည့် ကွင်းလယ်ကစားသမား မာတာနှင့် တိုက်စစ်မှူး ဟာနန်ဒက်ဇ်တို့အား ခေါ်ယူရန် မျက်စိကျနေကြောင်း သိရသည်။ စပိန်ကြယ်ပွင့် ဂျူအန်မာတာသည် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်းက ချယ်လ်ဆီးအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်ယူအသင်းနည်းပြ လူးဝစ်ဗန်ဟားလ် လက်ထက်တွင် ပုံမှန်ပွဲထွက်ကစားရန်အတွက် အခက်တွေ့ခဲ့ရသူဖြစ်သည်။

မန်ယူအသင်းနည်းပြ လူးဝစ်ဗန်ဟားလ်သည် ကွင်းလယ်ကစားသမား မာတာမှာ အသင်းတွင် အားထားရသည့် ကစားသမားအဖြစ် ရှိနေသဖြင့် ဂျပန်ကြယ်ပွင့် ကာဂါဝါအား အသင်းဟောင်း ဒေါ့မွန်အသင်းသို့ ပြန်လည်ရောင်းချခဲ့သည်။ သို့ရာတွင် မာတာသည် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေခြင်းကြောင့် အီတလီ စီးရီးအေကလပ် ဂျူဗင်တပ်အသင်းက လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ ဖြင့် အီတလီမြေသို့ ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းကလည်း အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား မာတာအားခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။ သို့ရာတွင် ကွင်းလယ်ကစားသမား မာတာကမူ ဂျူဗင်တပ်အသင်းသို့သာ ပြောင်းရွှေ့ဖွယ်ရှိနေသည်။

ထို့ပြင် ဂျူဗင်တပ်အသင်းအနေဖြင့် မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်ကိုပါ လာမည့်အပြောင်းအရွှေ့တွင် ခေါ်ယူရန် စီစဉ်လျက်ရှိပြီး ဟာနန်ဒက်ဇ်မှာမူ လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် သွားရောက် ကစားလျက်ရှိသည်။ ရီးယဲလ်မက်ဒရစ် အသင်းသည် ဟာနန်ဒက်ဇ်အား အမြဲတမ်းစာချုပ်ချုပ်ဆိုရန် အခွင့်အရေးတစ်ရပ်ရရှိခဲ့သော်လည်း အပြီးသတ်စာချုပ်ရန်အတွက် ကတိပြုထားခြင်းမရှိကြောင်း သိရသည်။ လက်ရှိတွင်လည်း ဘင်ဇီမာရှိနေသဖြင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေသည်။ ထို့ကြောင့် ဂျူဗင်တပ်အသင်းက တိုက်စစ်မှူး ဟာနန်ဒက်ဇ်အား ခေါ်ယူရန် ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**



# ကာယဗလပြိုင်ပွဲနှင့် ကာယအလှပြိုင်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၅**

၂၀၁၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ကာယဗလပြိုင်ပွဲနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား ကာယအလှပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အမျိုးသား ၆၀ ကီလိုတန်း မြို့နယ်ပေါင်းစုံကာယဗလမောင်ပြိုင်ပွဲတွင် အောင်ကျော်မြင့် (ဗထူးကလပ်)က ပထမ၊ အောင်ဆန်းဦး(လပခ)က ဒုတိယ၊ ဝင်းသော်မိုး(ချမ်းအေးသာစံမြို့နယ်)က တတိယဆု ရရှိသည်။ ၆၅ ကီလိုတန်းတွင် လမင်းတရာ(အောင်မြေသာစံမြို့နယ်)က ပထမ၊ ခင်မောင်ထွန်း (ဗထူးကလပ်)က ဒုတိယ၊ ရဲမင်းထွန်း(လပခ)က တတိယဆုရရှိသည်။ ၇၀ ကီလိုတန်းတွင် ချစ်ငွေ(မိုးကုတ်မြို့နယ်)က ပထမ၊ တင်လတ်(အောင်မြေသာစံမြို့နယ်)က ဒုတိယ၊ ကျော်ကျော် (မိုးကုတ်မြို့နယ်)ကတတိယရရှိသည်။ ၇၅ ကီလိုတန်းတွင် အောင်စိုးမင်း(My Life)က ပထမ၊ မင်းဟန် (အောင်မြေသာစံမြို့နယ်)က ဒုတိယ၊ အောင်ကျော်ခိုင်(မိုးကုတ်မြို့နယ်)က တတိယရရှိသည်။ ၇၅ ကီလိုအထက်ပြိုင်ပွဲတွင် ညီညီဖြူ (ပုလဲနက်ကလပ်)က ပထမ၊ အောင်မြတ်ကျော် (ရမည်းသင်းမြို့နယ်)က ဒုတိယ၊ မဲကြီး(ဟာကြူလီကလပ်)က တတိယဆုအသီးသီးရရှိကြသည်။

အမျိုးသမီးကာယအလှပြိုင်ပွဲအရပ် ၅ ပေ ၃ လက်မ(အောက်)ပြိုင်ပွဲတွင် နန်းလောက်ခမ်း(ဗထူးကလပ်)က ပထမ၊ ဆုမြင့်ဝင်း(My Life Gym)က ဒုတိယ၊ တယုတယလွှာ(ရတနာပုံတက္ကသိုလ်)က တတိယရရှိပြီး အရပ် ၅ ပေ ၃ လက်မ (အထက်)ပြိုင်ပွဲတွင် ချယ်ရီမောင်(Flora Gym)က ပထမ၊ နန်းဆိုင်မွေဟွမ်(တံတားဦးမြို့နယ်)က ဒုတိယ၊ နေခြည်တင့်ဝေ (မတ္တရာမြို့နယ်)က တတိယဆုများရရှိကြပြီး ပြိုင်ပွဲအပြီးတွင် တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့် ဇနီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။ **မောင်ပြည်သူ(မန္တလေး)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံအထူးအဖွဲ့(၇)၊ အမ်းမြို့၏ (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုခွင့်ပြုရန်ရန်ပုံငွေဖြင့် မြေကြီးလုပ်ငန်း ဖြတ်မြေ ၄၂၄၅၀ ကျင်းနှင့် ဖို့မြေ ၆၂၆၀၀ ကျင်းအား ဆောင်ရွက်ရန် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့် တင်ဒါတင်သွင်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်နေ့ရက် | - | ၁၇-၁၀-၂၀၁၄ ရက် |
| | အချိန်/နေရာ | - | ၉း၀၀ နာရီမှ ၁၆း၀၀ နာရီ (ရုံးချိန်အတွင်း) |
| | | - | ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ အဆောက်အအုံအထူးအဖွဲ့(၇)၊ အမ်းမြို့။ |
| (ခ) | တင်ဒါလျှောက်လွှာပိတ်ရက် | - | ၂၈-၁၀-၂၀၁၄ ရက် ညနေ ၄း၀၀ နာရီ |
| (ဂ) | တင်ဒါဖွင့်လှစ်မည့်ရက် | - | ၃၁-၁၀-၂၀၁၄ ရက် အချိန် ၈း၀၀ နာရီ |
| | နေရာ | - | ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ အဆောက်အအုံအထူးအဖွဲ့(၇)၊ အမ်းမြို့။ |

၂။ အသေးစိတ်သိရှိလိုပါက ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ အဆောက်အအုံ အထူးအဖွဲ့(၇)၊ အမ်းမြို့ရုံးသို့ ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၉-၈၅၂၆၂၈၈၊ ၀၉-၄၉၆၇၆၁၄၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**







## တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲနှင့် မြို့လုံးကျွတ်မဟာဘုံကထိန် လှည့်လည်ပွဲတော်များအား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် (၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်မှ နိုဝင်ဘာလ ၇ ရက်) (တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်အထိ) အဝေယာမီးပုံးပျံပြိုင်ကွင်းတွင် ကျင်းပမည်ဖြစ်ပါသည်။ ပွဲတော်ကာလအတွင်း နေ့/ည မီးပုံးပျံပြိုင်ပွဲများ (နေ့လွှတ်အရုပ်မျိုးစုံ/ညမီးကြီး/စိန်နားပန်)၊ မီးပဒေသာလှည့်လည်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ Miss တန်ဆောင်တိုင်ရွေးပွဲ၊ အလွတ်တန်းခေတ်ပုံပြိုင်ပွဲနှင့် ဈေးပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ လာရောက်လည်ပတ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ**




**မြေကွက်ရောင်းမည်** မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁)ရပ်ကွက်၊ ပေ(၂၀×၆၀)၊ ပါမစ်မြေ။ သိန်း(၁၇၀) ဖုန်း-၀၉-၃၁၃၅၁၁၅၃

# MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar Tel: +95-1-2301772, 2301771

**ပထမအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေး [1st Annual General Meeting (AGM)]**
**တက်ရောက်ရန် ဖိတ်ကြားခြင်း**
**၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက်**

၁။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် (MTSH)၏ ပထမအကြိမ် နှစ်ပတ်လည် အထွေထွေ အစည်းအဝေး [1st Annual General Meeting (AGM)]ကို သုဝဏ္ဏအမျိုးသားအားကစားကွင်းပြိုင်ပွဲရုံ(၁)၊ရန်ကုန်၌ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ(၁)ရက်(စနေနေ့)၊ နံနက်(၁၀း၀၀)နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အစည်းအဝေးတက်ရောက်သူများ အမည်စာရင်း မှတ်ပုံတင်ခြင်းကို နံနက် (၈း၀၀) နာရီမှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက် ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၂။ အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့လည်း ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာ၊ အထွေထွေရှင်းတမ်းနှင့် ကိုယ်စားလှယ်တက်ရောက်ခွင့်ပေးရန် ခန့်အပ်လွှာ (ကိုယ်စားလှယ်လွှဲစာ)တို့ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ (၁၅)ရက် နေ့မှစတင်၍ အစည်းအဝေးဖိတ်ကြားစာနှင့်အတူ မှတ်ပုံတင်စာပို့ဖြင့် ပူးတွဲပေးပို့ ဖိတ်ကြားပြီးဖြစ်ပါသည်။

၃။ အစည်းအဝေးတက်ရောက်မည့် အစုရှယ်ယာရှင်များအနေဖြင့် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် (MTSH)၏ ဆောင်ရွက်ချက်များ၊ ဆက်စပ်ကိစ္စတို့အပေါ် ဆွေးနွေးရန် လိုအပ်သည်များကို မေးမြန်း/အကြံပြု တင်ပြလိုသည်များ ရှိပါက ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၅)ရက်နေ့ နောက်ဆုံးထား၍ ကုမ္ပဏီရုံးသို့ မေးမြန်း/အကြံပြုလွှာ ပေးပို့နိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်

---

MYAWADDY BANK LIMITED

# မြဝတီဘဏ်လီမိတက် ၏
# (၃၉)ဘဏ်ခွဲမြောက်
# ပြင်ဦးလွင် ဘဏ်ခွဲ ကို

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ တွင်**
**၁၆. ၁၀. ၂၀၁၄ ရက် (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီး ဖြစ်ပါသဖြင့်**
**ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း**
**မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်**

**လုံခြုံလျှို့ဝှက် ဆောင်ရွက်မြန်မှန် မြဝတီဘဏ်**

**ဆက်သွယ်ရန်လိပ်စာ**

မြဝတီဘဏ်လီမိတက် (ပြင်ဦးလွင်)
တပ်မတော်နည်းပညာတက္ကသိုလ်ဝင်း၊ ထုံးဘိုရပ်ကွက်၊
မန္တလေး-လားရှိုးကားလမ်းမကြီး၏လက်ဝဲဘက်၊ ပြင်ဦးလွင်မြို့၊
မန္တလေးတိုင်းဒေသကြီး။

ဖုန်း - ၀၉ - ၄၂၀၀၅၈၁၈
၀၉ - ၄၃၀၇၁၉၆၈
ဖက်(စ်) - ၀၈၅- ၂၉၀၂၉

# ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ
(ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် )
၁၃၇၆ ခုနှစ်၊ လ ရက်
(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေ ပုဒ်မ ၆ ၌ ပါရှိသော “ခရိုင်ရာဇဝတ်တရားသူကြီး”ဆိုသည့် စကားရပ်ကို “ခရိုင်တရားသူကြီး”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “နယ်ပိုင်ရာဇဝတ်တရားသူကြီး” ဆိုသည့် စကားရပ်ကို “မြို့နယ် တရားသူကြီး”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “ပထမတန်း သို့တည်းမဟုတ် ဒုတိယတန်းရာဇဝတ် တရားသူကြီး” ဆိုသည့် စကားရပ်ကို “ပထမတန်း သို့တည်းမဟုတ် ဒုတိယတန်း ရာဇဝတ်အာဏာအပ်နှင်းခြင်းခံရသော တရားသူကြီး”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “ရာဇဝတ်တရားသူကြီး” ဆိုသည့်စကားရပ်ကို “တရားသူကြီး”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၃။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ကက)နှင့် ပုဒ်မခွဲ(ခခ)တို့အား အောက်ပါအတိုင်း အစားထိုးရမည် -

“(ကက) တရားဝင်အသင်းအဖွဲ့မှ တစ်ပါးအခြားသူဖြစ်လျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(ခခ) တရားဝင်အသင်းအဖွဲ့ဖြစ်လျှင် ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ခြင်း ခံရမည်။”

---

**အများပြည်သူ လေ့လာသိရှိအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

# မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း
( ၂၀၁၄ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )
၁၃၇၆ ခုနှစ်၊ လ ရက်
( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို “မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေ” ဟု ခေါ်တွင်စေရမည်။

၂။ မြေသြဇာဥပဒေတွင်

( က ) **“မန်နေဂျာ”** ဆိုသည့် စကားရပ်ကို **“တာဝန်ခံအရာရှိ”** ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊

( ခ ) **“စစ်ဆေးရေးမှူး”** ဆိုသည့် စကားရပ်ကို **“စစ်ဆေးရေးအဖွဲ့”** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

( ဂ ) **“မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း”**ဆိုသည့် စကားရပ်ကို **“စိုက်ပျိုးရေးဦးစီးဌာန”** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

( ဃ ) **“ဦးဆောင်ညွှန်ကြားရေးမှူး”**ဆိုသည့် စကားရပ်ကို **“ညွှန်ကြားရေးမှူးချုပ်”** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

( င ) **“ပြည်နယ်၊ တိုင်းမန်နေဂျာ”** ဆိုသည့် စကားရပ်ကို **“တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူး”** ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

၃။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၌ ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည် -

“( င ) **စံချိန်စံညွှန်း**ဆိုသည်မှာ သက်ဆိုင်ရာမြေသြဇာတွင် ပါဝင်ရမည့် အပင်အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ မြေသြဇာကော်မတီက သတ်မှတ်သော အနည်းဆုံးပါဝင်ရမည့် အချိုးအစားနှင့် အရည်အသွေး စံသတ်မှတ်ချက်ကို ဆိုသည်။”

၄။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဍ)၌ ပါရှိသော စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည် -

“(ဍ ) **လိုင်စင်**ဆိုသည်မှာ မြေသြဇာကို စီးပွားရေးအလို့ငှာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

၅။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဏ)၌ ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည် -

“(ဏ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၂၂ အရ စိုက်ပျိုးရေးဦးစီးဌာနကတာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်များကို ဆိုသည်။”

၆။ မြေသြဇာဥပဒေတွင် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)၌ ပါရှိသော စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည် -

“(က ) မြေသြဇာကိုစီးပွားရေးအလို့ငှာ သိုလှောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။”

၇။ မြေသြဇာဥပဒေတွင် ပုဒ်မ ၁၆ ၌ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည် -

“၁၆။ မြေသြဇာလုပ်ငန်းလုပ်ကိုင်သူသည် မြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါ အချက်များကို ဖော်ပြရမည် -

(က) တင်သွင်း၊ ထုတ်လုပ် မှတ်ပုံတင်လက်မှတ်အမှတ်၊

( ခ ) အမှတ်တံဆိပ်၊

( ဂ ) မြေသြဇာ၏ အသားတင်အလေးချိန်၊

(ဃ) မြေသြဇာတွင် ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်း၊

( င ) ထုတ်လုပ်သည့် ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့ အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သိုလှောင်ထားရှိရမည့် နည်းစနစ်၊

( စ ) မြန်မာဘာသာဖြင့် ဖော်ပြထားသော သုံးစွဲရန် အညွှန်းစာနှင့် သတိပြုရန် အချက်များ။”

၈။ မြေသြဇာဥပဒေတွင် ပုဒ်မ ၁၇ ၌ ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည် -

“၁၇။ လိုင်စင် ရရှိသူသည် ပုဒ်မ ၁၆ ပါအချက်များ ဖော်ပြထားသော မှတ်ပုံတင်လက်မှတ် ရရှိထားသည့် မြေသြဇာကိုသာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း ပြုရမည်။”

၉။ မြေသြဇာဥပဒေတွင် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)၌ ပါရှိသော စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည် -

“(က ) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။”

၁၀။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၂ ၌ ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည် -

“၂၂။ စိုက်ပျိုးရေးဦးစီးဌာနသည် ဤဥပဒေပါ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အဖွဲ့ခေါင်းဆောင်တစ်ဦးနှင့် အဖွဲ့ဝင်(၂)ဦးစီ ပါဝင်သော အောက်ပါအဖွဲ့များကို ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။”

| စဉ် | တာဝန် | ရာထူး |
|---|---|---|
| ၁။ | တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် | |
| | အဖွဲ့ခေါင်းဆောင် | တိုင်းဒေသကြီး၊ ပြည်နယ် မြေအသုံးချရေးတာဝန်ခံ |
| | အဖွဲ့ဝင်များ | တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်း(၂)ဦး |
| ၂။ | ခရိုင်အဆင့် | |
| | အဖွဲ့ခေါင်းဆောင် | ခရိုင် မြေအသုံးချရေးတာဝန်ခံ |
| | အဖွဲ့ဝင်များ | ခရိုင်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်း (၂) ဦး |
| ၃။ | မြို့နယ်အဆင့် | |
| | အဖွဲ့ခေါင်းဆောင် | မြို့နယ်ဦးစီးမှူး |
| | အဖွဲ့ဝင်များ | မြို့နယ်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်း(၂)ဦး |

၁၁။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)၌ ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည် -

“( ခ ) မြေသြဇာကို စံချိန်စံညွှန်းနှင့် ညီ၊ မညီစစ်ဆေးရန် မြေသြဇာနမူနာကို ရယူခြင်း၊ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ညွှန်ကြားရေးမှူး၊ မြေအသုံးချရေးဌာနခွဲမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေသြဇာကော်မတီသို့ တင်ပြပြီး

**စာမျက်နှာ ၁၆ သို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စောကျော်ကျော်ဦး[၁၄/ငပတ(နိုင်)၁၆၇၈၈၃]ကိုင်ဆောင်သော(CDC-၈၃၈၄၃)၏ PSC-RBစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း-၀၉-၂၅၀၁၁၉၂၁၆

## အမည်ပြောင်း

ဦးစိုးမင်းလတ်၏သား အထက(၁) အင်းစိန် အဋ္ဌမတန်း(C)တွင် ပညာသင်ကြားနေသော မောင်ဟိန်းထက်ဇော်(၁)အား မောင်ခန့်သူစိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ခန့်သူစိုး


## ရောင်းမည်


၁။ မရမ်းကုန်းမြို့နယ်၊ နဝဒေးလမ်း၊ ပျဉ်ထောင်အိမ်ပါ (ဘိုးဘွားမြေ)၊ ၁၂၀၀ စပေ-သိန်း(၈၅၀)
၂။ ပတ္တမြားမြို့သစ်၊ မြောက်ပိုင်း၊ ပတ္တမြားလမ်းမနှင့် အမှတ်(၃)လမ်းမကြီးအနီး၊ မြအေးချမ်းလမ်း၊ ပေ(၃၀×၅၅)၊ သိန်း(၆၅၀)
၃။ လှိုင်သာယာ၊ စက်မှုဇုန်(၅)၊ (၁၈)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ လမ်းမကြီးနှင့် ကျောချင်းကပ်၊ ပေ(၂၃×၆၀) သိန်း(၂၅၀)


ဖုန်း-၂၅၉၂၆၉၀၀၈၊ ၃၁၂၉၁၈၇၇

## How အဆင့်မြင့်ခရီးသွားလုပ်ငန်း

- တောင်ကြီး၊ အင်းလေးဖောင်တော်ဦး၊ ပင်းတယ၊ ကလော၊ အောင်ပန်း၊ ဟိုတယ်အိပ်၊ ဟိုတယ်/စားသောက်ဆိုင်စား၊ Scania Bus, အဆင့်မြင့်ကားတို့ဖြင့် အဆင့်မြင့်မြင့် သွားမယ်။ ၄ညအိပ်-၅ရက်ခရီး၊ စရိတ်ငြိမ်း-၁၂၅၀၀၀ိ/-(Oct-17,21,24,28,31 Nov-3,5,11,14, 18,21,) နေ့ရက်များတွင် ထွက်မည်။ **Ph:09-73027303, 09-5114301, 09-5180337**





## ငှားရန်ရှိသည်

လှိုင်မြို့နယ်၊ ဗဟိုလမ်းမကြီးဘေးရှိ
မြေကွက်ကျယ် နှစ်ရှည်ငှားမည်။ ပွဲစားမလိုပါ။
ဖုန်း-၅၁၂၈၂၂၊ ၀၉-၇၃၂၆၉၇၅၅၊
၀၉-၅၁၅၁၁၄၄

## ရောင်းမည်

AA/--- CNG 70lt Taxi Caldina
**(165)**သိန်း
ဖုန်း-၀၉-၂၅၃၃၁၃၁၆၆၊
၀၉-၇၃၀၈၅၆၂၀

## ရောင်းမည်

BB/--- CNG 70Lt Taxi
MARK II 99, (140)သိန်း
ဖုန်း-၀၉-၇၃၁၁၄၄၆၇

## ကျေးဇူးပြု၍ အမြန်ဆက်သွယ်ပေးပါ

ဦးထွန်းရီ (ဒုအရာခံဗိုလ်၊ ငြိမ်း) [၁၂/ဗဟန(နိုင်)၀၃၉၇၇၃] ကိုင်ဆောင်သူသည် ယခု မည်သည့်နေရာတွင် နေထိုင်သည်ကို မသိရှိရပါသဖြင့် ယခု ကြော်ငြာဖတ်ပြီး အောက်ပါဖုန်းနံပါတ်များသို့ ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၃၁၁၁၁၀၃၂၊ ၀၉-၃၁၈၇၁၂၁၃၊ ၀၉-၅၂၈၀၉၅၀

ဥပဒေကြောင်း

စာမျက်နှာ ၁၅ မှ

မြေသြဇာကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း။”

၁၂။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဃ) ၌ပါရှိသော စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည် -

“(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနမှ တစ်ဆင့် မြေသြဇာကော်မတီသို့ တင်ပြခြင်း။”

၁၃။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)၌ ပါရှိသော စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည်”

“(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်း လိုင်စင်ရရှိသူက ပုဒ်မ ၁၅ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရက်ရန် ပျက်ကွက်ခြင်း။”

၁၄။ မြေသြဇာဥပဒေတွင် ပါရှိသော ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ရမည်။

၁၅။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က)၌ ပါရှိသော စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည် -

“(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်း လိုင်စင်နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ မြေသြဇာကော်မတီသို့ အယူခံနိုင်သည်။”

၁၆။ မြေသြဇာဥပဒေတွင် ပုဒ်မ ၃၂၌ ပါရှိသော စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည် -

“၃၂။ မည်သူမျှလိုင်စင်မရှိဘဲ မြေသြဇာကို စီးပွားရေးအလို့ငှာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းမပြုရ။”

**အများပြည်သူ လေ့လာသိရှိအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**



## သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**နတ်တလင်း၊ အောက်တိုဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ မဟာစည်သာသနာ့ရိပ်သာဆရာတော် ဦးသုတာစာရ ဦးဆောင်၍ ရပ်ကွက်လေးရပ်ကွက်တွင် ဆွမ်းဆန်စိမ်းထောက်ပံ့ရေးအသင်းဥက္ကဋ္ဌ ဦးအောင်မြို့နှင့် ကော်မတီဝင်များ ကြီးမှူးကျင်းပသော (၃၄) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်ကျော် ၂ ရက် မှ ၅ ရက်ထိ နတ်တလင်းမြို့နယ်အတွင်း ကျောင်းတိုက်အသီးသီးရှိ သီလရှင်ဆရာကြီး၊ ဆရာလေး အပါး ၂၅၀ တို့အား ရွာမရပ်ကွက်၊ မြို့မရပ်ကွက်၊ သာစည်ရပ်ကွက်၊ ဇီးကုန်းကလေးရပ်ကွက်များရှိ အလှူရှင်များက သဒ္ဓါတရားထက်သန်စွာဖြင့် ဆွမ်းဆန်စိမ်းများ လောင်းလှူကြကြောင်း သိရသည်။ **(၀၇၁)**

## ကျေးလက်နေပြည်သူများ၏ စားဝတ်နေရေး၊လူမှုရေး လိုအပ် ချက်များကို ပုဂ္ဂလိကအလှူရှင်များ ဝိုင်းဝန်းကူညီဆောင်ရွက်

**မလှိုင်၊ အောက်တိုဘာ ၁၅**

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈) ရပ်ကို ချမှတ်ပြီး အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကအလှူရှင်များကလည်း ကျေးလက်နေပြည်သူများ၏ စားဝတ်နေရေး၊ လူမှုရေးလိုအပ်ချက်များနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်ရန် တစ်ပိုင်တစ်နိုင် လှူဒါန်းထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အုပ်ဖိုကန်ကျေးရွာအုပ်စု၊ ကျင်းရွာတွင် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ဒေသခံပြည်သူများအတွက် တစ်အိမ်ထောင်လျှင် ဆန်လေးပြည်၊ ဆီ ၂၅ ကျပ်သား၊ ဆား ၅၀ သား၊ ငါးသေတ္တာဘူး၊ ဆပ်ပြာခဲ (အချော/အကြမ်း)၊ ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် အိမ်သုံးဆေးများ အပါအဝင် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၇၆ စု အတွက် ကာလတန်ဖိုး ၂၅ သိန်းကျော်ရှိ ပစ္စည်းများကို ရန်ကုန်မြို့နေ အလှူရှင် ဦးကိုကို-ဒေါ်လှမြိုင်နှင့် (ညီမ) ဒေါ်မြအေးမိသားတစ်စုက တတိယအကြိမ်မြောက် လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

“ဒီရွာကို လှူဒါန်းတာ တတိယအကြိမ်ရှိပါပြီ။ ပထမဆုံးအကြိမ်က ကျေးရွာလူမှုရေးအသင်းအတွက် ငွေကျပ်သိန်း ၅၀ ပဒေသာပင် စိုက်ထူပေးပါတယ်။ ဒုပြင် ကျေးရွာမီးလင်းရေးအတွက် ငွေကျပ်ဆယ်သိန်းငါးသောင်း လှူဒါန်းခဲ့ပါတယ်။ နောက်ထပ်ကျေးရွာပြည်သူများပိုင် လယ်ထွန်စက်တစ်စီးကိုလည်း လှူဒါန်းပါတယ်။ သောက်သုံးရေတွင်းအတွက် ငွေကျပ်ခုနစ်သိန်း၊ ဒေသခံ သက်ကြီးဘိုးဘွားများအတွက် ငွေကျပ်ငါးသိန်းကိုလည်း လှူဒါန်းခဲ့ပါတယ်” ဟု အုပ်ဖိုကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြောသည်။

ပုဂ္ဂလိကအလှူရှင်များကလည်း တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေသဖြင့် ဒေသခံပြည်သူများတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

# ညောင်ဦးခရိုင် ပုဂံမြို့တွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ယူနက်စကိုကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ဆွေးနွေးပွဲ ကျင်းပ

**ညောင်ဦး၊ အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံမြို့ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်တွင် ဦးစီးဌာနနှင့် ယူနက်စကို (ရန်ကုန်-ဗန်ကောက်) တို့ ပူးပေါင်းဆောင်ရွက်နေသော မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ခြင်းအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်း အပိုင်း(၂) အရ ပုဂံယဉ်ကျေးမှုဒေသအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်ထိ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ဆွေးနွေးပွဲခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဦးအောင်ကြူ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြိုင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေး၊ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ ညောင်ဦးခရိုင်သာသနာရေးမှူး ဦးဌေးမြင့်နှင့် ပြည်တွင်းမှ ပညာရှင်များ၊နိုင်ငံတကာမှပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များ၊ ယူနက်စကိုမှ ပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ ပုဂံချစ်သူများ၊ ရှေးဟောင်းသုတေသနဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂံဒေသရှိ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးအသင်းများ၊ အဖွဲ့အစည်းများ၊ စိတ်ပါဝင်စားသူ ဒေသခံပြည်သူများ၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ တက်ရောက်ကြကြောင်း သိရသည်။

အစည်းအဝေးပထမနေ့နှင့် ဒုတိယနေ့တွင် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်ကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဇုန်နယ်နိမိတ်သတ်မှတ်ခြင်းကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

တတိယနေ့တွင် ပုဂံယဉ်ကျေးမှုဒေသ သဘာဝဘေးအန္တရာယ်ကာကွယ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စတို့အား ဆွေးနွေးခဲ့ကြသည်။ အဆိုပါ အစည်းအဝေးကို သုံးရက်ကြာ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **ကျော်ဌေး**


**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**



## ကျေးဇူးဆပ်ပါမည်


အမှတ်(၄၅၉)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အခန်းအမှတ်(၂၀၄)၊ တော်ဝင်မြန်မာတိုက်နှင့် အမှတ်(၂၀၇)၊ ဆိပ်ကမ်းသာလမ်း၊ (၂)ခန်းတွဲ သုံးထပ်အဆောက်အအုံ၏ မြေညီထပ်(ဝဲ)ဘက်ခန်း ထိုအခန်း(၂)ခန်းအဝယ်စာချုပ်များ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျေးဇူးဆပ်ပါမည်။ (မသမာသောနည်းဖြင့် လက်ဝယ်ထားရှိပါက တရားဥပဒေအရ အရေးယူခြင်းခံရပါမည်။)

ဦးထိန်ဝင်း[၁၂/ကတတ(နိုင်)၀၂၃၀၈၇]

အမှတ်(၇၈)၊ အနော်ရထာလမ်း၊ မြေညီထပ်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။







## တစ်ဦးတည်းဖြစ်ကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ (၁၆)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အိမ် အမှတ်(၁၁၀)နေ ဦးဇော်သန်းလင်း၏သား ဇော်ဖြိုးအောင်နှင့် ဆန်းလင်းဦး မှာ တစ်ဦးတည်းဖြစ်ကြောင်း။

ဦးဇော်သန်းလင်း

## ငှားမည်

ပေ(၁၀၀×၁၅၀)၊ ပါဝါမီတာ+ရေ+ဖုန်း၊ ဂိုဒေါင်ပါ။ မ/ဥက္ကလာပစက်မှုဇုန်။

**Ph:09-5110075**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁စ/၉၆၆၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ San Shwe Services Co.,Ltd နှင့် Mr.Chan Kai Meng (a) Chan Chi Meng (Ming Leung International Co.,Ltd) (ဖူမန်လုံစားသောက်ဆိုင်)(Myanmar Tai Fook Group Services Co.,Ltd)၊ ဒါရိုက်တာ ဦးကြင်ဂွမ်း (ကိုယ်စားလှယ်လွှဲအပ်ခံရသူ)၊ ဦးအောင်ချို(ကိုယ်စားလှယ်လွှဲအပ်ခံရသူ)(ဖူမန်လုံမန်နေဂျာ)တို့ နှစ်ဖက်ငှားရမ်းခြင်းဆိုင်ရာ အငြင်းပွားသောပြဿနာကိစ္စအဝဝတို့ကို နှစ်ဦးနှစ်ဖက် ပြေပြေလည်လည်နှင့် ညှိနှိုင်းတိုင်ပင်ခဲ့ကြပြီး သဘောတူညီချက်များ ရရှိခဲ့ပြီးဖြစ်သဖြင့် ၃၀-၉-၂၀၁၄ရက်က ငှားရမ်းထားသည့် အဆောက်အအုံမှ ပြောင်းရွှေ့ဖျက်သိမ်းထွက်ခွာပေးရန် အချိန်ပေးကာလ သတ်မှတ်ခြင်းကတိစာချုပ်ကို နှစ်ဦးနှစ်ဖက် သဘောတူအောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါစာချုပ်အရ စံရွှေဆားဗစ်စစ်ကုမ္ပဏီလီမိတက်က ဖူမန်လုံစားသောက်ဆိုင်ကို ပြောင်းရွှေ့ထွက်ခွာရန် ပြင်ဆင်ချိန်ကာလ (၈)လပေးပြီး၊ ဖူမန်လုံစားသောက်ဆိုင်နှင့် အခြားအသုံးပြုထားသောနေရာ (၂)နေရာ (Myanmar Tai Fook Group Services Co.,Ltd ဆိုင်းဘုတ်ချိတ်ဆွဲထားသောနေရာ၊ ယခင်နဝရတ်စပါးဟု အသုံးပြုခဲ့သောနေရာ)၊ အားလုံးနေရာ (၃) နေရာ များမှ ၃၁-၅-၂၀၁၅ရက် နောက်ဆုံးထား၍ ပြောင်းရွှေ့ပြီး နဂိုမူလအတိုင်း ထားရှိ၊ ထွက်ခွာပေးရန်ဖြစ်သည်။ အကယ်၍ ၃၁-၅-၂၀၁၅ရက်နေ့လွန်၍ ထွက်ခွာနိုင်ခြင်းမရှိပါက နောက်ဆက်တွဲ မည်ကဲ့သို့ ဆောင်ရွက်ရမည်နှင့်ပတ်သက်၍ ဝန်ခံကတိပြုပါ စာချုပ်အတိုင်း မပျက်မကွက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စံရွှေဆားဗစ်စစ်ကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်း(ခ)ဦးလှဝင်း

တရားလွှတ်တော်ရှေ့နေ(စဉ်-၆၁၃၅)

(ယာယီလိပ်စာ) အမှတ်(၁၀၂)၊ နဝဒေးရပ်ရှင်ရုံ၊ ကမ္ဘာအေးစေတီလမ်းနှင့်အုတ်ပုံဆိပ်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ (၃၁-၅-၂၀၁၅အထိ)

ဖတ်စရာ

# ဆေးဖက်ဝင် နဂါးမောက်သီးပင်အကြောင်း သိကောင်းစရာ

**à x@vtf(rd)**

နဂါးမောက်သီးပင်များကို ၂၀၀၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံမှ ပျိုးပင်များတင်သွင်းခြင်းဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာနလက်အောက်ရှိ ဥယျာဉ်ခြံများဖြစ်သော ပုပ္ပားနှင့် ရန်ကုန်ဥယျာဉ်ခြံတွင် စတင်စမ်းသပ် စိုက်ပျိုးအောင်မြင်ခဲ့သည်။ မြေအမျိုးအစားမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်သော သီးနှံတစ်မျိုးဖြစ်သည်။ တွယ်ကပ်ပင်နှင့် မြေပေါ်တွား၍ပေါက်သော ရေငတ်ခံနိုင်သည့် ရှားစောင်းမျိုးနွယ်ပင်ဖြစ်သည်။ သို့သော် စီးပွားဖြစ်စိုက်ပျိုးပါက လိုအပ်သောအချိန်တွင် ရေပေးသွင်းရန်လိုအပ်သည်။ ပြုစုစောင့်ရှောက်မှုကောင်းမှသာ သီးထွက်ရရှိမှုကောင်းမွန်သည်။ နဂါးမောက်ပင်၏အမြစ်သည် မြေအနက် ၈ လက်မခန့်သာ အမြစ်ဝင်သဖြင့် ပေါင်းမြက်ကြောက်သော သီးနှံပင်တစ်မျိုးဖြစ်သည်။ ထို့ကြောင့် စီးပွားဖြစ်စိုက်ပျိုးပါက ပေါင်းမြက်ရှင်းရန် အထူးလိုအပ်သည်။ အပင်ကြီးအရွယ်တွင် ပင်လုံးဖြန်း ပေါင်းသတ်ဆေးအသုံးပြု၍ ရှင်းလင်းရမည်။ ပေါက်ပြားအသုံးပြုပါက အမြစ်များထိခိုက်နိုင်သည်။

ယနေ့ စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသော နဂါးမောက်သီးပင် (Dragon Fruit) မျိုးမှာ အတွင်းသားအနီရောင်မျိုး (red flesh variety) Hylocereus umdatus နှင့် အတွင်းသားအဖြူရောင် (white flesh variety) Hylocereus တို့ကို အများဆုံးစိုက်ပျိုးသည်။ အသီးခွံအဝါရောင်ရှိပြီး အတွင်းသားအဖြူရောင်ရှိမျိုးမှာ အနည်းအကျဉ်းသာ တွေ့ရသည်။ နဂါးမောက်သီးကို ယခင်ကပုပ္ပားတွင်သာ တွေ့ရသည်။ ၂၀၀၄ ခုနှစ်တွင် တောင်ကြီး၊ မန္တလေး၊ မိတ္ထီလာ၊ ရန်ကုန်မြို့များတွင် စိုက်ပျိုးရောင်းချခဲ့ကြောင်း သိရသည်။ ယနေ့တွင် မြန်မာပြည်အနှံ့ စိုက်ပျိုးလာကြောင်း တွေ့ရသည်။ စိုက်ပျိုးကြသောနည်းစနစ်မှားမှာ တီပုံသဏ္ဌာန်၊ တိုင်စနစ်၊ စင်စနစ်၊ တန်းစနစ်များကို အများဆုံးစိုက်ပျိုးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များတွင်လည်း နဂါးမောက်သီးပင်များ စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း သိရသည်။ နဂါးမောက်ပင်စိုက်ပျိုးရာတွင် ရှေးဦးစွာ အမြင့် ၅ ပေ၊ အကျယ် ၄ လက်မရှိ ကွန်ကရစ်တိုင် (သို့မဟုတ်) သစ်သားတိုင်များကို ပင်ခြား ၆ ပေ၊ တန်းခြား ၉ ပေအကွာ စိုက်ပါ။ တိုင်ခြေပတ်လည်တွင် ၂ ပေပတ်လည် ၂ ပေအနက် ကျင်းများတူးပြီး မြေဆွေးများထည့်ရပါမည်။ မြေတွင်းပိုးများကာကွယ်နိုင်သော အော်ဒင်းကဲ့သို့ ခြသတ်နိုင်သောဆေး ဇွန်းတစ်ဇွန်းစာထည့်ပြီး ၅ ရက်ခန့် မြေနှပ်ထားရပါမည်။ ထိုကျင်းများတွင် နဂါးမောက်ပင် တစ်ပေခွဲအရွယ်ရှိသော အပင်များကို ကွန်ကရစ်တိုင် တစ်တိုင်ပတ်လည်တွင် တွယ်ကပ်နိုင်ရန် နဂါးမောက်ပင်ကို ကြိုးချည်ထားပါ။ ကျောက်တိုင်ထိပ်တွင် သစ်သားတန်းများ ထည့်ပေးရပါမည်။ နွေရာသီတွင် ရေမှန်မှန်လောင်းပါ။ အပင်မှ အတက်များထွက်လာသောအခါ မြေဩဇာအဖြစ် တစ်တိုင်လျှင် တီဆူပါ နို့ဆီဘူးနှစ်ဘူး၊ နွားချေး၊ ဝက်ချေးတစ်ပြည်၊ ပုလဲ နို့ဆီဘူးတစ်ဘူး ရောမွှေပြီး နှစ်လတစ်ကြိမ်ကျွေးရမည်။ အသီးသီးနေသောကာလတွင် တစ်ပတ်တစ်ကြိမ်ကျွေးလျှင် ပို၍သီးပါသည်။

မည်သည့်စနစ်ဖြင့် စိုက်ပျိုးသည်ဖြစ်စေ စတင်စိုက်ပျိုးချိန်တွင် အထူးသတိထားရမည်မှာ ပုရွက်ဆိတ်ဖြစ်သည်။ ထွက်လာသောအညွှန့်သစ်၏ ထိပ်ပိုင်းကို ပုရွက်ဆိတ်အနီကလေးများက အုပ်စုဖွဲ့ဖျက်ဆီးလေ့ရှိသည်။ ၎င်းကို ပိုးသတ်ဆေးတစ်မျိုးမျိုးနှင့် နှိမ်နင်းရန်ဖြစ်သည်။ ရောဂါအနေဖြင့် ဗက်တီးရီးယား ပျော့ပုပ်ရောဂါ (Enterobacter ciaace) ကျရောက်တတ်၍ ကိုဘိုဒ်၊ ကျူပရိုမက် စသည့် ကော့ပါးပါသောဆေးများဖြင့် ပက်ဖျန်းကာကွယ်နိုင်သည်။ မှိုပြောက်စွန်းရောဂါကို အင်ဗန်တိုဟက်ဖက်ဂွန်းမန်ကိုရှက်၊ ဒိုင်သိမ်း စသည့်မှိုသတ်ဆေးများ အလှည့်ကျပက်ဖျန်း၍ ကာကွယ်နိုင်သည်။

တစ်နှစ်သားအရွယ်ရောက်သောအခါ အဖူးအပွင့်များထွက်ကာ သီးကင်းဝင်စပြုပါသည်။ များသောအားဖြင့် ဧပြီလကုန်နှင့် မေလဆန်းပိုင်းတွင် စတင်သီးကင်းဝင်သည်။ တစ်နှစ်သားအရွယ်တွင် သီးကင်းနည်းပြီး တစ်ပတ်လျှင် ၁၀ လုံးခန့်သီးသည်။ နှစ်ကြာလာသည်နှင့်အမျှ အသီးပိုသီး၍ အသီးလည်းကြီးလာသည်။ အသီးများ ဆက်တိုက်ထွက်ပေါ်နေပြီး ၎င်းကာလတွင် နဂါးမောက်သီးကောင်းမွန်စေရန် အပင်မှဖြာထွက်သော အချို့အကိုင်းအခက်များကို ဖယ်ရှားပေးရမည်။ နဂါးမောက်ပင်များသည် မျိုးကိုတစ်ခါဝယ်ရပြီး ဆက်လက်စိုက်ပျိုးရန်အတွက် မျိုးကို မိမိပင်မှ တစ်လက်မခွဲကိုင်းများဖြတ်၍ စိုက်ပျိုးနိုင်သောကြောင့် အလွယ်တကူ စိုက်ပျိုးနိုင်သည်။ နဂါးမောက်ပင်များ စိုက်ပျိုးခြင်းဖြင့် ခြံစိုက်တောင်သူများ ဝင်ငွေကောင်းလျက်ရှိပြီး ခြံကြီးများတွင် နဂါးမောက်ပင်များကို ကွန်ကရစ်တိုင် ၃၀၀ မှ ၁၀၀၀ အထိ တစ်တိုင်လျှင်လေးပင်နှုန်း စိုက်ပျိုးလျက်ရှိပြီး ထွက်ရှိလာသော နဂါးမောက်သီးများကို တစ်ကီလိုလျှင် ၂၀၀၀ ကျပ်နှုန်းနှင့် ဆိုဒ်မမီသော နဂါးမောက်သီးများကို တစ်လုံးလျှင် ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်အထိ ရောင်းရကြောင်း သိရသည်။ နဂါးမောက်သီးသည် အဖြူ၊ အနီ၊ အဝါ သုံးမျိုးရှိရာ အနီသီးကို ပို၍နှစ်သက်ကြသည်။

အတွင်းသားအဖြူရောင်မျိုးမှာ စက်တင်ဘာလ ဒုတိယပတ်တွင် နောက်ဆုံးအဖူးထွက်ပြီး အတွင်းသားအနီရောင်မျိုးမှာ အောက်တိုဘာလ ပထမပတ်တွင် နောက်ဆုံးအဖူးထွက်သည်။ သို့ဖြစ်၍ အတွင်းသားအနီရောင်မျိုးသည် အတွင်းသားအဖြူရောင်မျိုးထက် ဖူးပွင့်သည့်ကာလ တစ်လခန့်ပိုမိုသည်ကို တွေ့ရသည်။

နဂါးမောက်သီးပင်သည် ဗီတာမင်စီနှင့် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သည့်အပြင် လိုင်ကိုပိန်းဓာတ် များစွာပါဝင်သောကြောင့် သဘာဝအရွယ်တင်နုပျိုစေပြီး အသီးတွင် Antioxidant အများဆုံးပါဝင်သဖြင့် ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချို၊ ဆီးလွန်ရောဂါများ၊ လေသင်တုန်းနှင့် လေဖြတ်ခြင်းရောဂါများ ပျောက်ကင်းစေသည်။ ထို့ပြင် အဆိပ်အတောက်ဖြစ်စေတတ်သော Heavy mental များ ချေဖျက်ပေးသဖြင့် ကိုလက်စထရောကို လျော့ကျစေသည့်ပြင် ချောင်းဆိုး၊ ရင်ကျပ်ရောဂါကိုလည်း သက်သာပျောက်ကင်းစေသည်။ အစာအိမ်အတွင်းရှိ အဆိပ်အတောက်များကို ချေဖျက်နိုင်စွမ်းရှိခြင်း၊ အဆီဓာတ်များကို လျော့ကျနိုင်စွမ်းရှိခြင်း၊ မှတ်ဉာဏ်ကောင်းခြင်း၊ မျက်လုံးအားကောင်းခြင်း၊ သွားနှင့်အရိုးများ ခိုင်မာစေခြင်းတို့ကြောင့် လူတိုင်းစားသုံးသင့်သည်။ အထူးသဖြင့် နာလန်ထလူမမာများအတွက် အထူးသင့်လျော်သည်။ နဂါးမောက်သီးတွင် အစွမ်းအာနိသင်ထက်မြက်စေသည့် Antioxidant ဓာတ် ပြည့်ဝစွာပါဝင်သည့်အတွက် စိတ်ဖိစီးမှုနှင့် ဆက်နွယ်နေသောရောဂါများကို ပျောက်ကင်းစေနိုင်သဖြင့် အမေရိကတိုက် အလယ်ပိုင်းဒေသများတွင် နဂါးမောက်သီးမှာ ဆေးစွမ်းထက်သည့်အသီးအဖြစ် နာမည်ကြီးလှသည်။

ယခုဈေးကွက်တွင် လူကြိုက်များသည့် နဂါးမောက်သီးပင်ကို မြန်မာပြည်အရပ်ရပ်တွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

## ၈၃ ခုမြောက် ရောဝတီဘဏ်ခွဲ နေပြည်တော်ဘဏ်ခွဲ (၂) ရွှေကြာပင်တွင် ဖွင့်လှစ်

**နေပြည်တော်၊ အောက်တိုဘာ ၁၅**

ရောဝတီဘဏ်လီမိတက်၏ ၈၃ ခုမြောက် ဘဏ်ခွဲဖြစ်သော နေပြည်တော်ဘဏ်ခွဲ (၂) ရွှေကြာပင်ဘဏ်ခွဲအား ဘဏ်ခွဲတည်ရာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ပျဉ်းမနားတောင်ညိုလမ်းမကြီးဘေး စည်ပင်ဧည့်ရိပ်သာအနီးတွင် အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီခွဲက ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ဘဏ်ခွဲ(၂) ရွှေကြာပင်ဘဏ်ခွဲအား နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့် ဦးကံချွန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဦးရဲမြင့်၊ ရောဝတီဘဏ်လီမိတက်မှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးဖြိုးအောင်နှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့ကဖွင့်လှစ်ပေးခဲ့ပြီး အဆောက်အအုံအတွင်း ကြည့်ရှုခဲ့ကြသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**




### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အမက(၁၈)၊ စတုတ္ထတန်း(A)မှ မနူးခေါန်ထွယ်၏ ဖခင်အမည်မှန်မှာ ဦးလဖိုင်နော်လီ [၁/ဗမန(နိုင်)၀၃၃၈၂၁] ဖြစ်ပါသည်။

### အမည်မှန်

ဦးဂေါ့လူနော်ဂျာ၏ သား၊ အထက-နမ္မတီး၊ ဒသမတန်း(B)မှ မောင်မျိုးဂျပ်အောင်၏ အမည်မှန်မှာ မောင်မျိုးဂျတ်အောင် ဖြစ်ပါသည်။

### အမည်ပြောင်း

အဖဦးရဲထွန်း၏သား ရေတာရှည်မြို့၊ ပညာရတနာကိုယ်ပိုင်အထက်တန်းကျောင်း န၀မတန်းမှ မောင်ထူးအောင်လင်းအား မောင်နန္ဒအောင်လင်းဟုပြောင်းလဲခေါ်ပါရန်။

မောင်နန္ဒအောင်လင်း


### အိမ်နှင့်ခြံရောင်းမည်

၃/ခ ပေ(၃၀×၅၀)
၄ပင် လျှာထိုးခင်း ၆၅၀(ညှိနှိုင်း)
မမ(၁၃၉)၊ အောင်သုခ(၃)လမ်း၊
မြို့မရပ်ကွက်၊ လှည်းကူး
ဖုန်း-၀၉၃၁၄၇၁၀၁၃

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-ရလပ-(၂၂)၊ မြေကွက်အမှတ် (၅၇၀)၊ မြေကွက်တည်နေရာအမှတ်(၅၇၀)၊ ဗိုလ်အောင်ကျော်လမ်း၊ (၂၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဒေါ်ချယ်ရီအမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်ချယ်ရီထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဝင်းဝင်းမော် [၇/ပမန (နိုင်)၀၇၃၇၃၃]၊ ဒေါ်အေးအေးခိုင် [၉/ပမန(နိုင်)၀၈၀၇၂၆]တို့က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာများတင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားဖြင့် (၇)ရက်တွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြခြင်းမရှိပါကဂရန်သစ်လျှောက်ထားခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာအမှတ်(၁)၊ မြေကွက်အမှတ် (၁၄၄၇)၊ (အလျားပေ၄၀×အနံပေ၆၀)အကျယ်အဝန်းရှိ ဦးအောင်ကျော်မိုး အမည်ပေါက်မြေကွက် အပါအဝင် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ တို့နှင့်အတူ အကျိုးခံစားခွင့် အရပ်ရပ်တို့အား မိမိကိုယ်တိုင်ပိုင်ဆိုင်ပြီး၊ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဇင်မာစန်း [၁၂/ကတန(နိုင်) ၀၇၆၂၄၁]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်နှင့် ပတ်သက် ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ် စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်၊ နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ် ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေ ညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်တင်တင်လှ | ဒေါ်ချယ်ရီလှိုင် |
| **LL.B,LL.M( Civil Law), C.B.L** | **LL.B,WIPO(Switzerland)** |
| တရားလွှတ်တော်ရှေ့နေ(၈၃၉၀) | တရားလွှတ်တော်ရှေ့နေ(၈၈၆၁) |

ရုံးခန်းအမှတ်(၄)၊ သာကေတမြို့နယ်တရားရုံးအနီး၊ သုမနလမ်း၊
၅/ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း- ၀၉-၇၃၁၁၅၉၆၀

### အများသိစေရန်အသိပေးတားမြစ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြို့သစ်ရပ်၊ BOC လမ်းနေ ဦးအင်ရှူ(ဘ) ဦးအိုမြား [၆/မအရ(နိုင်)၀၁၅၁၂၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးတားမြစ်အပ်ပါသည်။

မြိတ်မြို့နယ်၊ အင်္ဂမော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁- အိုအက်စ်အက်စ်) ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(အင်န်/၄၁)၊ ဧရိယာ (၁၀. ၃၆)ဧကရှိ မြေကွက်ကို မြိတ်မြို့နယ်မြေစာရင်းဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ခုနှစ်အတွက် နောက်ဆက်တွဲတိုင်းတာခြင်း မြေပုံဖြစ်သည့် မြေစာရင်းပုံစံ-၁၀၅အရ လုပ်ကိုင်ခွင့်ရှိသူအဖြစ် ကျွန်တော်ဦးအင်ရှူအား ထုတ်ပေးခဲ့ပြီးဖြစ်သည့် အပြင်မြိတ်မြို့နယ်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၇-၁-၂၀၁၄ ရက်စွဲပါ ခွင့်ပြုသည့်စာအမှတ်-၀၁၃/ဖယ(လယ)အရ လယ်ယာမြေနည်းဥပဒေ-၁၄(က)၊ လယ်ယာမြေပုံစံ-၇ ဖြစ်သည့် လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်ကို ကျွန်တော့်အား ချထားသတ်မှတ်ပေးခဲ့ပြီးသောမြေကွက်ဖြစ်ပါသည်။ ထို့အပြင် ကျွန်တော်လက်ရလုပ်ကိုင်နေသော ဥယျာဉ်ခြံမြေကွက်လည်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်လက်ရှိလုပ်ကိုင်နေသော အဆိုပါမြေရေိယာအတွင်းရှိ မြေနိမ့်ပိုင်းစိမ့်မြေတွင် နဂိုသဘာဝ ပေါက်ရောက်နေသော ဆေးဖက်ဝင်ကမ်းဇော်ပင်များကို ကျွန်တော်ကိုယ်တိုင်ပြုစုထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

သို့ပါ၍ ကျွန်တော်လက်ရှိလုပ်ကိုင်ခွင့်ရရှိထားသော မြေရေိယာအတွင်းရှိ ပေါက်ရောက်နေသည့် ဆေးဖက်ဝင် ကမ်းဇော်ပင်နှင့် အသီးများကို ကျွန်တော်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ဝင်ရောက်၍ ကောက်ယူခြင်း၊ ခူးယူခြင်းများမပြုလုပ်ရန် အသိပေးတားမြစ်အပ်ပါသည်။

အကယ်၍ အသိပေးတားမြစ်ထားပါလျက်နှင့် ဆေးဖက်ဝင် ကမ်းဇော်ပင်နှင့်အသီးများကို မြေကွက်အတွင်းဝင်ရောက်၍ ကောက်ယူခြင်း၊ ခူးယူခြင်းပြုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးတားမြစ်အပ်ပါသည်။

ဦးအင်ရှူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆွေဇင်သန်း(**LL.B**)
အထက်တန်းရှေ့နေ(စဉ်-၃၃၃၉၅)
အမှတ်(၉)၊ မေတ္တာလမ်း၊ မြို့သစ်တံတားဦးရပ်၊ မြိတ်မြို့

# ဆစ်ပိုး(အနံ့ဖြူပိုး) ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဆွေးနွေး

**ခင်ဦး၊ အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၌ ၂၀၁၃-၂၀၁၄ခုနှစ်တွင် နွေစပါးစိုက်ပျိုးချိန်မှစတင်၍ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးအဖွဲ့ဝင်များ ဌာနဆိုင်ရာများ စုပေါင်း၍ ဆစ်ပိုးကာကွယ်ရေးလုပ်ငန်းကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ကာကွယ်နှိမ်နင်းမှုများ စုပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် နွေစပါးတွင် ပိုးမွှားရောဂါ ကင်းစင်ပြီး အထွက်နှုန်းကောင်းမွန်စွာ ရရှိခဲ့ကြောင်းသိရသည်။

၂၀၁၄-၂၀၁၅ ခုနှစ်တွင် မိုးစပါးနှင့် နောင်လာမည့် စပါးရာသီများတွင် အဝါရောင်ဆစ်ပိုးများ ထပ်မံမကျရောက်စေရန်၊ ဆစ်ပိုး၏ ဘဝစက်ဝန်း ပြတ်တောက်သွားစေရန်၊ တောင်သူများနားလည်ပြီး လိုက်နာ၍ လိုက်ပါဆောင်ရွက်လာစေရန်နှင့် တောင်သူများ၏လူမှုစီးပွားရေး မကျဆင်းစေရန် ရည်ရွယ်၍ ခရိုင်လုံးကျွတ် မိုးစပါးရာသီတွင် ဆစ်ပိုး(အနံ့ဖြူပိုး) ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၁ ရက် ညနေ ၃ နာရီကမြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ညွှန့်က ဆစ်ပိုးကျရောက်မှုမှ ကာကွယ်ရန် တောင်သူများ တစ်ဧကလျှင် မီးထောင်ချောက် ငါးတိုင်နှုန်း ဆောင်ရွက်ထားရန်နှင့် မီးတိုင်၏အောက်တွင် ရေမရှိပါက ရေခံခွက်ထားရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဆွေက ဘက်စုံပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်နည်းများကိုလည်းကောင်း၊ ခရိုင်စက်မှုသီးနှံဦးစီးမှူး ဦးမြင့်လှိုင်က မီးထောင်ချောက်စနစ်တကျ ထွန်းညှိရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်က လစ်ပိုပုလင်းဖြင့် မီးထောင်ချောက်ပြုလုပ်ပုံကို လက်တွေ့ရှင်းလင်းပြသခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ နယ်မြေစည်းရုံးရေးတာဝန်ခံများ၊ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

# ချင်းပြည်နယ် ဟားခါးမြို့၌ (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

**ဟားခါး၊ အောက်တိုဘာ ၁၅**

ချင်းပြည်နယ်၊ ဟားခါးမြို့၌ (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့၊ မြို့တော်ခန်းမရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကိုးမြို့နယ်မှ ပြိုင်ပွဲဝင်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြ သည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်၊ မတူပီနှင့် ဖလမ်းမြို့နယ်ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် ဧည့်သည်တော်များကို ပြိုင်ပွဲဝင်အသင်းများက ချင်းရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေကြကာ မြို့နယ်အလိုက် ချင်းရိုးရာအက (အဖွဲ့လိုက်၊ တစ်ဦးချင်း) ပြိုင်ပွဲများကိုလည်းကောင်း၊ ကဗျာလွတ်အက (အခြေခံ ) အသက် ၁၀ နှစ်မှ ၁၅ နှစ် ပြိုင်ပွဲနှင့် တစ်ပင်တိုင်အက (အခြေခံ) အသက် ၁၅ နှစ်မှ ၂၀ နှစ် ပြိုင်ပွဲများကိုလည်းကောင်း အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်ထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ချင်းပြည်နယ်(ပြန်/ဆက်)**



# သာသနာ့ရက္ခိတဓမ္မစကူးလ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန်၊ စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ အမှတ် ၁၁ ရပ်ကွက်အတွင်းရှိအောင်မင်္ဂလာကျောင်းဝင်းအတွင်းမှ သာသနာ့ရက္ခိတသိမ်ကျောင်းတိုက်၌ အမျိုးဘာသာ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော သာသနာ့ရက္ခိတဓမ္မစကူးလ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ် မ. ထ. သ အဖွဲ့မှ ကြီးမှူး၍ အမျိုးဘာသာကို ချစ်မြတ်နိုးသူများ၊ ဆွမ်းလောင်းအသင်းများနှင့် ပရဟိတလူငယ်အဖွဲ့များမှ စုပေါင်း၍ ကလေးသူငယ်များအား ဗုဒ္ဓနွယ်ဖွား အမျိုးကောင်းသားအစစ်များ ဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် သာသနာ့ ရက္ခိတဓမ္မစကူးလ်ဖွင့်ပွဲကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး မြို့နယ် မ. ထ. သ ဥက္ကဋ္ဌ၊ မိုးကောင်းဆရာတော် အရှင်ကုန္ဒဝံသက ဩဝါဒစကား မိန့်ကြားချီးမြှင့်တော်မူခဲ့သည်။

သင်တန်းတက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များနှင့် မိဘများကို ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ သင်တန်းမှူးအဖြစ် တာဝန်ယူသင်ကြားပေးမည့် ဆရာတော်အရှင်ရာဇန္ဒက ဩဝါဒစကားနှင့်အတူ ယဉ်ကျေးလိမ္မာသော ကလေးသူငယ်ဘဝက ယဉ်ကျေးလိမ္မာ ဘာသာ သာသနာကို ရိုသေကိုင်းရှိုင်းတတ်သော နိုင်ငံ့ခေါင်းဆောင်ဖြစ်လာသည်အထိ ဦးတည်ချက်ကောင်းနှင့်ဖွင့်လှစ်သည့် သင်တန်းဖြစ်တည်လာရသည်အထိ အကျယ်တဝင့် ရှင်းလင်းဟောပြောသွားခဲ့ကာ အဆိုပါသင်တန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ၁၀ လကြာသင်ကြားသွားမည်ဟု သိရသည်။

အဆိုပါ သင်တန်းဖြစ်မြောက်ရေးအတွက် မတည်အလှူရှင် သာသနာ့ရက္ခိတကျောင်းတိုက် ဆရာတော်အရှင်ခေမိန္ဒကကျပ်တစ်သိန်းနှင့် ၁၁ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းလင်းဇော် နှင့် ဇနီးတို့က ကျပ်တစ်သိန်းအပြင် စေတနာရှင်မိဘများကလည်း ထည့်ဝင်လှူဒါန်း၍ ဂုဏ်ပြုလွှာများပေးအပ်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဓမ္မဇေအရှင်မြတ်က သီလပေးတရားတော်ဟောကြားခဲ့သည်။

စေတနာရှင်ပြည်သူများ သင်တန်းအတွက် လှူဒါန်းလိုပါက ဖုန်း-၀၉ ၄၂၂၅၃၂၃၄၄၊ ၀၉ ၇၃၁၂၉၄၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မင်းထက်ပိုင် (လှိုင်သာယာ)**

# ရွှေပြည်သာ (၁၀) ရပ်ကွက်၌ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းဆင်း


**ရန်ကုန်၊ အောက်တိုဘာ ၁၅**


ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ် (၁၀) ရပ်ကွက် ၁၂/၃၄၊ ဇွဲကပင်လမ်းမပေါ်ရှိ သူကြွယ်စုဓမ္မာရုံ၌ အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက မြတ်မေတ္တာသွေးလှူရှင်များ အဖွဲ့နှင့် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှု သင်တန်းဆင်းပွဲကို ကျင်းပခဲ့သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို ရွှေပြည်သာရွာမကျောင်းတိုက် မိဘမေတ္တာဆရာတော် ဒေါက်တာအရှင်ဝိသုဒ္ဓါစာရက ကြီးကြပ်၍ မြတ်မေတ္တာသွေးလှူရှင်များအဖွဲ့၊ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းနှင့် သူကြွယ်စု ဆွမ်းလောင်းအသင်းတို့က ပူးပေါင်းဖွင့်လှစ်ကြခြင်းဖြစ်ပြီး ၂၀၁၄ ဧပြီ ၁၈ ရက်မှ ၂၅ ရက်ထိလည်းကောင်း၊ ကျောင်းဖွင့်ရာသီများ၌ တနင်္ဂနွေနေ့နံနက်ပိုင်းတွင်လည်းကောင်း သင်ကြားပို့ချပေးခဲ့ကြသည်။

သင်တန်းတက်ရောက်ကြသော မူလတန်း အရွယ်ကျောင်းသား၊ ကျောင်းသူ ၈၈ ဦးသို့ ရွှေရတနာသီလရှင်ကျောင်းတိုက်မှ ဆရာလေးနှစ် ပါး၊ ဆရာဦးအောင်နိုင်ဦး၊ ဒေါ်ခိုင်သဥ္ဇာဝင်းနှင့် ဒေါ်ခင်မြဝင်းတို့က ပို့ချပေးခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲ၌ ကလေးငယ်များကို သင်တန်းဆင်းဂုဏ်ပြုလက်မှတ်၊ လွယ်အိတ်၊ စလွယ်နှင့် ဗလာစာအုပ်များကို ဂုဏ်ပြုလက်ဆောင်အဖြစ် ပေးအပ်ကြပြီး အာဟာရဒါန ကျွေးမွေးခဲ့ကြောင်း သိရသည်။ **ကိုမိုး(ရွှေပြည်သာ)**




## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်ဇင်မာဦး[၁၂/လမန(နိုင်)၁၂၉၈၁၄]အမည်ဖြင့် အကောက်ခွန်ဦးစီးဌာနတွင် သွင်းကုန်ကြေညာလွှာအမှတ်(ID No-713339-12-5-14)ဖြင့် ကြေညာပြီး အခွန်ငွေပေးသွင်းကာ မော်တော်ယာဉ်အား ထုတ်ယူခဲ့ပါသည်။

၎င်းမော်တော်ယာဉ်ထုတ်ယူပြီး အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသောကညနအတွက် စာအိတ်ချိပ်ပိတ်နှင့် ၎င်းနှင့်ပတ်သက်သော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကောက်ယူရသူမှ ပြန်လည်ဆက်သွယ်ပေး ပါရန်နှင့် ကျေးဇူးဆပ်မည့်အကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၄၄၀၀၅၊ ၀၉-၇၃၁၂၇၇၆

# ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ကြည်ကြည်အုန်း

**အသက်(၇၀)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်-ဒေါ်ညွန့်ညွန့်ရီတို့၏ ညီမ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄ရက်(စနေနေ့) ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့၊ မြန်မာအရှေ့တိုင်းဘဏ်**

# ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ကြည်ကြည်အုန်း

**အသက်(၇၀)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်-ဒေါ်ညွန့်ညွန့်ရီတို့၏ ညီမ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄ရက်(စနေနေ့)ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့၊ အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်**

# ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်အုန်း**

**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးတင်အေး၏ ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)(ဖဒိုမြို့ သီရိမင်္ဂလာငြိမ်းချမ်းအောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဒါယိကာမကြီး)သည် ၁၁-၁၀-၂၀၁၄(စနေနေ့) ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဂေါပကအဖွဲ့**
**သီရိမင်္ဂလာငြိမ်းချမ်းအောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး**
**ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့**

# ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်အုန်း**

**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄(စနေနေ့) ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ရွှေပြည်တံခွန်တယ်လီကွန်း(အများပိုင်)ကုမ္ပဏီလီမိတက်**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးညို(ရွှေမြင်တင်)**

**အသက်(၈၉)နှစ်**

**(သီဟသုဓမ္မ မဏိဇောတဓရ၊ သဒ္ဓမ္မဇောတိကဓဇ)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမက(၇)၏ မိဘဆရာအသင်း ဂုဏ်ထူးဆောင်နာယကကြီး ဖြစ်သူ အဘရွှေမြင်တင် ဦးညိုသည် ၁၂-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမက(၇)တာမွေ**
**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မျိုးအောင်[၁၂/ကမန(နိုင်)၀၇၄၆၂၅]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၁၅၈၆၆၄**

**သင့်သွေးဖြင့်အသက်ကယ်ပါ**

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ဝါပွင့်ဖြူ(ခ)ဒေါ်ဝါပွင့်(နတ်မြစ်)**

**အသက်(၇၆)နှစ်**

ဦးညီဖြူလှ (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)-ဒေါက်တာဒေါ်ခင်စောသန်း(ပါမောက္ခ၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်၊ ဆေးကုသဆောင် ၁၇/၁၈/ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ဝါပွင့်ဖြူ(ခ)ဒေါ်ဝါပွင့် အသက်(၇၆)နှစ်သည် ၁၁-၁၀-၂၀၁၄ရက်(စနေနေ့) ည ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာနှင့်ဝန်ထမ်းများ**
**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်**

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးဇော်မြင့်(ဇော်မြင့် Nagoya)**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ်(၅)၊ သုံး/လေးလွှာနေ ဦးဇော်မြင့်(ဇော်မြင့် Nagoya) အသက် (၅၉)နှစ်သည် ၁၂-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Managing Director, Directors & Staffs**
**Special Style Photo & Electronics**
**Nikon Camera Showroom & Service Center**

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်းပူးပေါင်းကော်မတီက နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းနှစ်ခုနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါဝင်သော အစီရင်ခံစာများကို ဖတ်ကြားတင်ပြခဲ့သည်။

**"နိုင်ငံတော်သမ္မတထံမှသဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၄)"**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးတင်ယုက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းအစီရင်ခံစာတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် **"နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၄)"**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏ အမည်၊ အပိုဒ် ၁၀၊ အပိုဒ် ၁၄တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြဋ္ဌာန်းသင့်ပါကြောင်းနှင့် အပိုဒ်၃၊ အပိုဒ်၄၊ အပိုဒ်၇၊ အပိုဒ်၁၁၊ အပိုဒ်၁၂၊ အပိုဒ် ၁၅ တို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း စသည်ဖြင့်ပါရှိသည်။

ယင်းနောက် **"နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လျှပ်စစ်ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးခင်မောင်ညိုက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

**စာမျက်နှာ ၈ ကော်လံ ၃ သို့**



# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ လာရောက်ကြည့်ရှုသူများပြား

**နေပြည်တော် အောက်တိုဘာ ၁၅**

စတုတ္ထအကြိမ် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များအား မြန်မာငွေဖြင့် ရောင်းချပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိပြီး လာရောက် ကြည့်ရှုသူ ၃၃၉၂ ဦးရှိကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့ကို လေ့လာကြည့်ရှုရန် ရက်များအဖြစ် သတ်မှတ်ထားသည့်အတွက် ယနေ့သည် ဒုတိယနေ့ဖြစ်ပြီး မဏိရတနာ ကျောက်စိမ်းခန်းမနှင့် ဇရိယာအလိုက် သတ်မှတ်၍ ခင်းကျင်းပြသထားသော ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များကို ပြည်တွင်းရတနာကုန်သည်များနှင့် ပြည်တွင်းကျောက်မျက်လုပ်ငန်းရှင်များအနေဖြင့် စိတ်ကြိုက် လွတ်လပ်စွာ ကြည့်ရှုရွေးချယ်မှတ်သားကြပြီး ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို

**စာမျက်နှာ ၈ ကော်လံ ၃ သို့**

## ယနေ့ မာတိကာ


ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေထုတ်ပြန် — စာမျက်နှာ - ၂

အေဆမ်ထိပ်သီးအစည်းအဝေး — စာမျက်နှာ - ၆

မာတာနှင့် ဟာနန်ဒက်ဇ်အား ခေါ်ယူရန် ဂျူဗင်တပ်မျက်စိကျနေ — စာမျက်နှာ - ၁၃


# ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်များ စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၅**

မျက်မမြင်များနှင့် မြို့တော်နေပြည်သူတို့အကြား နွေးထွေးစွာ ပေါင်းကူးယှက်နွယ်ပေးနေသော ၂၀၁၄ ခုနှစ် နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် (၂၃)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်များစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီတွင် မဟာဗန္ဓုလလမ်း မြို့တော်ခန်းမရှေ့၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန်ကိုယ်စား စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုးမင်း တက်ရောက်၍ အချက်ပေးသေနတ်ပစ်ဖောက်ကာ မျက်မမြင်များလမ်းလျှောက်ပွဲကို တာလွှတ်ပေးသည်။

မျက်မမြင်များစုပေါင်းလမ်းလျှောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ၊ ကြည့်မြင်တိုင်၊ သဃ်န်းကျွန်းမြို့နယ်များရှိ မျက်မမြင်သင်တန်းကျောင်းများ၊ အလုပ်ရုံများ၊ အကြောပြင်၊ နာဂိုမီဂျပန်၊ စိန်မေရီ၊ စည်ပင်သာယာကျန်းမာရေးဌာနရှိ မျက်မမြင်များနှင့် မိတ္ထီလာ၊ ပြင်ဦးလွင်၊ မုံရွာ၊ စစ်ကိုင်းရှိ သင်တန်းကျောင်းများမှ

**စာမျက်နှာ ၈ ကော်လံ ၅ သို့**









12 Nov, 30 Nov, 17 Dec, 24 Dec, 04 Jan, 25 Jan, 08 Feb, 25 Feb, 15 Mar, 22 Mar, 12 Apr ... 02 Nov

Highway Complex

LCCI I,II

AIR CON

## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ၁၀/၂၀၁၄-၂၀၁၅ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသား ဈေးပြိုင်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၉-၁၀-၂၀၁၄ / - ၃၀-၁၀-၂၀၁၄ / - ၃၁-၁၀-၂၀၁၄ — ၉း၃၀နာရီမှ ၁၆း၃၀ နာရီထိ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်**
- ကျွန်းသစ်လုံး (၁၉၅)တန်ခန့်
- သစ်မာသစ်လုံး (၂၀၀၈၄)တန်ခန့် (ပိတောက်/တမလန်း/သင်းဝင်သစ်လုံးများ ပါဝင်မည်)
- ကျွန်းခွဲသား(၆)တန်ခန့်
- သစ်မာခွဲသား(၇)တန်ခန့် (ပိတောက်/တမလန်းခွဲသားများ ပါဝင်မည်)

(ဂ) **ရောင်းချမည့်နေရာ** - အမှတ်(၁၀၃)၊ သစ်စက်ရှင်းလင်းအောင် မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-siteဖြစ်သော **www.myanmatimber.com.mm** တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၃၇၂၄၂၃၊ ၀၁-၇၃၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁များတွင်လည်းကောင်းစုံစမ်းနိုင်ပါသည်။ **ဈေးပြိုင်လေလံကျင်းပရေးကော်မတီ၊ ပြည်တွင်းရောင်း/စက်**

## မင်္ဂလာဉ‌ ည့်ခံပွဲကျေးဇူးတင်လွှာ

၁၂-၁၀-၂၀၁၄ ရက် (တနင်္ဂနွေနေ့) Central Hotel ၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပါယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်နိုင်နှင့်ဇနီး၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး၊ ဗိုလ်ချုပ်မင်းဇော်နှင့်ဇနီး၊ ဗိုလ်မှူးချုပ်ဝင်းလွင်နှင့်ဇနီး၊ စစ်ဘက်နယ်ဘက်မှဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းအပေါင်းတို့အားလည်းကောင်း၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော အကယ်ဒမီဒေါ်ချိုပြုံး၊ Cute, Cupid တေးဂီတအဖွဲ့နှင့် ဗီဒီယိုဓာတ်ပုံအဖွဲ့၊ တေးသံရှင်များ၊ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်မှူးအောင်ဖြိုးမြင့်-ဒေါက်တာစန်းစန်းမြင့်**

## တိုက်ခန်းအမြန်ရောင်းမည်

ကျောက်မြောင်း၊ မနောဟရလမ်း၊ ၅လွှာ (တိုက်သစ်)၊ ပေ(၁၅×၆၀)၊ အိပ်ခန်း(၁)ခန်း၊ ပါကေး၊ ကြွေခင်း/ကပ်၊ အဆင့်မြင့်ပြင်ဆင်ပြီး။ **ဖုန်း-၀၉-၂၅၀၇၇၃၂၉၈**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တောင်ဥက္ကလာဘုရားအနီး၊ ဇီဝစိုးလမ်း၊ မြေ ပေ(၃၀×၆၀)၊ (၁)ထပ်တိုက်၊ ရေမီးစုံ။

**ဖုန်း-၀၉-၅၁၂၃၈၉၈၊ ၀၉-၇၃၁၅၄၅၀၃**

ဒဂုံမြို့သစ်(ဆိပ်ကမ်း/တောင်ပိုင်း) မြေကွက်များ ဝယ်လိုပါသည်။

**ဖုန်း-၀၉-၂၅၃၃၆၁၃၅၄**
**၀၉-၂၅၉၀၉၂၀၁၄**
**၀၉-၂၅၃၂၆၂၀၀၆**

**ဝိုင်း**

## ရောင်းရန်ရှိသည်

(Blowing Machines)

(Injection Machines -260PET, 380PET)

(Ext : 102)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆၄)၊ မြေကွက်အမှတ်(၂၀/၄)၊ (၂၄/၁)၊ (၄၁) မြေကွက်တည်နေရာအမှတ်(၂၀/၄)၊ (၂၄/၁)၊ (၄၁)၊ ပြည်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ဒေါ်ညွန့်ခင်၊ ဦးဘတင် အမည်ပေါက် မြေပိုင်မြေလ/န၃(ခ)ရပြီးမြေအား အမည်ပေါက်များထံမှ အရောင်းအဝယ်စာချုပ် BI-၁၉/၂၆-၁၂-၁၉၉၁ဖြင့် ပိုင်ဆိုင်ခဲ့သူ ရွှေရိဝင်းကုမ္ပဏီလီမိတက်ကိုယ်စား ကုမ္ပဏီအစည်းအဝေးမှတ်တမ်း အမှတ်-၉/၂၀၁၄ ဖြင့် တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်သဥ္ဇာ[၁၂/ဥကတ(နိုင်)၁၂၈၁၁၄]က ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်း၊ ကုမ္ပဏီအစည်းအဝေးမှတ်တမ်း၊ (၁၉၉၈)ခုနှစ်တွင် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ဝန်ခံကတိတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ မြေကွက်အမှတ်(၂၀၂/က)၊ မြေကွက်တည်နေရာအမှတ်(၂၀၂/က)၊ အနော်မာ(၅)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ဘီလီခါတွန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ဘီလီခါတွန်(မိခင်)နှင့် ဦးဂျဘားဟာတ်(ဖခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဒေါ်ခိုင်တွန်နီဆာ(ခ) ဒေါ်တင်အေး[၁၂/သကတ(နိုင်)၀၁၁၅၂၃]၊ ၂။ ဒေါ်သန်းသန်းမော်[၁၂/သကတ(နိုင်)၀၀၁၅၂၀]တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

Access Cherry

## အိမ်ရောင်းမည်

ဒဂုံအရှေ့၊ ပေ(၄၀×၆၀)၊ တ-ထပ်၊ B/N၊ ရေ မီးစုံ၊ တပင်ရွှေထီးလမ်းမကျောကပ်၊ ရွှေပဒေသာလမ်း၊ သိန်း-၁၃၅၀ (ညှိနှိုင်းဈေး)

**ဖုန်း-၀၉-၇၃၂၀၇၃၄၂၊**
**၀၉-၅၁၁၃၁၇၈**

## ဝန်ထမ်းအလိုရှိသည်

**ကျား/မ**

- Sale and Marketing အတွေ့အကြုံရှိသူ ဖြစ်ရမည်။
- အပြောအဆို ပြေပြစ်သွက်လက်သူ ဖြစ်ရမည်။
- Data Recorder အတွေ့အကြုံရှိသူ ဦးစားပေးမည်။
- ဘွဲ့ရပြီးသူဖြစ်ရမည်။ (နယ်သွားရန်မလို)

**လျှောက်ထားရန်-မ-၉၂၊**
**ကျန်စစ်သားလမ်း၊ လှိုင်သာယာရုံးရှေ့**
**mtthidar777@gmail.com**
**Ph:09-5093679**

J.O

## ရောင်းရန်ရှိသည်

၁။ အင်းစိန်လမ်းမတန်း၊ (မရမ်းကုန်း)၊ ၄ဧက
၂။ သံလွင်လမ်း(ဝင်ဒါမီယာလမ်း)၊ လမ်းမတန်း ပေ(၁၄၀×၁၂၀)
၃။ ဘားလမ်း၊ ပေ(၆၃×၁၁၅)ပေါ်ရှိ ၄ ထပ်တိုက်
၄။ ပြည်လမ်းမတန်း(စမ်းချောင်း)၊ ပေ(၄၇×၁၆၀)
၅။ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ပေ(၉၂×၁၃၀)
၆။ ကမ္ဘာအေးစေတီလမ်းမတန်း၊ (မရမ်းကုန်း) ပေ(၈၀×၁၀၀)
၇။ ပြည်လမ်းမတန်း၊ (၉မိုင်)၊ ပေ(၅၆×၁၅၅)
၈။ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ (၀. ၂၅)ဧကပေါ်ရှိ ၂ထပ်တိုက်သစ်၊
၉။ ပြည်လမ်းမတန်း(၅½)မိုင်၊ ပေ(၅၅×၁၀၀)ပေါ်ရှိ ၂ထပ်တိုက်၊
၁၀။ ရွှေတောင်ကုန်းလမ်းမပေါ်၊ ပေ(၁၀၀×၁၀၀)ပေါ်ရှိ (၁)ထပ်တိုက်
၁၁။ ဘောက်ထော်၊ စွန်းလွန်းဂူကျောင်းလမ်းမပေါ် ပေ(၇၂×၁၇၀)ပေါ်ရှိ ၂ထပ်တိုက်
၁၂။ ဓမ္မစေတီလမ်းမပေါ် ပေ(၄၀×၇၀)
၁၃။ တက္ကသိုလ်ရိပ်သာလမ်းဟောင်း(ကန်စပ်)ပေ(၆၅×၆၅)
၁၄။ ကမ္ဘာအေးစေတီလမ်းမတန်း(ဗဟန်း) ပေ(၃၀×၈၀)
၁၅။ ရွှေတောင်ကြား(၁)လမ်းမပေါ် ပေ(၄၀×၉၀)
၁၆။ ဘောက်ထော်၊ အနီယာလမ်း၊ ပေ(၆၀×၇၀)
၁၇။ သုဝဏ္ဏ၊ ကမာကြည်လမ်း ပေ(၁၀၅×၇၀)
၁၈။ ပါရမီလမ်းမတန်း၊ ပေ(၂၀×၆၀)
၁၉။ ရန်ကုန်-မန္တလေးအမြန်လမ်းမပေါ် (၁၅မိုင်/လှည်းကူးမြို့နယ်)ပေ(၄၀၀×၇၀၀)
၂၀။ ပြည်လမ်းမတန်း၊ (၇မိုင်)၊ ပေ(၁၁၀×၁၁၀) (အငှား)

**ဖုန်း-၀၉-၅၀၂၂၁၅၉၊ ၀၉-၅၀၄၉၀၆၆၊ ၀၉-၅၁၁၆၀၅၇၊ ၀၉-၄၃၁၄၃၅၅၅**

